# ၂၀၁၉ခုနှစ် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ (မူကြမ်း)

(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)

၁၃၈၀ ပြည့်နှစ်၊  ရက်

(၂၀၁၉ ခုနှစ်၊  လ  ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို၂၀၁၉ ခုနှစ် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။

(က) **အပင်**ဆိုသည်မှာ အဏုဇီဝသက်ရှိများမှလွဲ၍ အပင်လောကအတွင်းရှိ မည်သည့် အပင်ကိုမဆို ဆိုသည်။

(ခ) **အပင်မျိုး**ဆိုသည်မှာ ဤဥပဒေအရ အပင်မျိုးသစ်အား အကာအကွယ်ပေးအပ်နိုင်သည့် အခြေအနေများနှင့် ကိုက်ညီသည်ဖြစ်စေ၊ မညီသည်ဖြစ်စေ ရုက္ခဗေဒဆိုင်ရာ အမျိုးအစားခွဲခြားခြင်း၏ အနိမ့်ဆုံးအဆင့်တွင်ရှိသော အပင်အုပ်စုတစ်ခုဟု သတ်မှတ်၍ အောက်ပါအရည်အသွေးများနှင့် ပြည့်စုံသော အပင်မျိုးကိုဆိုသည်-

(၁) မူလပါရှိသည့် မျိုးဗီဇတစ်ခု သို့မဟုတ် မျိုးဗီဇအစုအဖွဲ့များ ပေါင်းစပ်ခြင်းကြောင့် သက်ဆိုင်ရာ သွင်ပြင်လက္ခဏာများ ဖော်ပြနိုင်သောမျိုး၊

(၂) အခြားအပင်အုပ်စုများနှင့် အနည်းဆုံးလက္ခဏာတစ်ခုခုတွင် ကွဲပြားခြားနားသောမျိုး၊

(၃) မျိုးပွားသည့်အခါ မျိုးဗီဇလက္ခဏာများ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်စွာဖော်ပြနိုင်သောမျိုး။

(ဂ) **အပင်မျိုးမွေးမြူသူ** ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်များကိုဆိုသည်-

(၁) အပင်မျိုးတစ်မျိုးကို မွေးမြူသူ သို့မဟုတ် ရှာဖွေဖော်ထုတ်ပြီး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သူ၊

(၂) ပုဒ်မခွဲငယ်(၁)ပါ အပင်မျိုးမွေးမြူသူကို တာဝန်ပေးအပ်သည့် လုပ်ငန်းပိုင်ရှင် သို့မဟုတ် လုပ်ငန်းပိုင်ရှင်၏ ကိုယ်စားဆောင်ရွက်ခွင့်ရှိသူ၊

(၃) ပုဒ်မခွဲငယ်(၁)နှင့်(၂)တို့တွင် ဖော်ပြထားသော အပင်မျိုးမွေးမြူသူ၏ တာဝန်ကို တရားဝင် ဆက်လက်ဆောင်ရွက်သူ။

(ဃ) **အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့်အခွင့်အရေး** ဆိုသည်မှာ ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်ကို အခြားသူတစ်ဦးတစ်ယောက်က ပုဒ်မ၂၂၊၂၄နှင့်၂၅ပါ လုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်ပါက အပင်မျိုးမွေးမြူသူမှ တောင်းဆိုနိုင်သည့် ရပိုင်ခွင့်အခွင့်အရေးကို ဆိုသည်။

(င) **မျိုးပွားနိုင်သည့်အစိတ်အပိုင်း** ဆိုသည်မှာ အပင်မျိုးအား မျိုးပွားရန် အသုံးပြုသည့် အပင်တစ်ပင်လုံး သို့မဟုတ် အပင်၏ အစိတ်အပိုင်းများကို ဆိုသည်။

(စ) **ရိတ်သိမ်းထားသည့်အစိတ်အပိုင်း**ဆိုသည်မှာ အပင်မျိုး၏မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အသုံးပြုခြင်းမှ ထုတ်လုပ်ရရှိလာသည့် အပင်တစ်ပင်လုံး သို့မဟုတ် အပင်၏ အစိတ်အပိုင်းများကို ဆိုသည်။

(ဆ) **အသိအမှတ်ပြုလက်မှတ်**ဆိုသည်မှာ အပင်မျိုးသစ်ကို ကာကွယ်ခွင့်ရရှိရေးအတွက် အပင်မျိုးမွေးမြူသူအား ဤဥပဒေအရ ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဇ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဈ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အမျိုးသား အပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

(ည) **ဦးစီးဌာန**ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

(က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးများကို အကာအကွယ်ပေးရန်၊

(ခ) အပင်မျိုးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) အပင်မျိုးမွေးမြူခြင်းလုပ်ငန်းတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန်၊

(ဃ) အပင်မျိုးသစ်များ မွေးမြူရရှိလာပြီး စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။

**အခန်း(၃)**
**ဗဟိုကော်မတီဖွဲ့စည်းခြင်း**

၄။ ဝန်ကြီးဌာနသည် -

(က) ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆက်စပ်သည့် ဝန်ကြီးဌာနများရှိသက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူ ပညာရှင်များနှင့် အခြားသင့်လျော်သူများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သည့် အမျိုးသား အပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရဖွဲ့စည်းရာတွင်လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့်တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်၍တာဝန်ပေးအပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရဖွဲ့စည်းထားသော ဗဟိုကော်မတီကို လိုအပ်ပါက ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**အခန်း(၄)**
**ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၅။ ဗဟိုကော်မတီသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက် လာစေရန် အပင်မျိုးမွေးမြူရေးလုပ်ငန်းများနှင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးများကို အထောက်အကူဖြစ်စေသော ပတ်ဝန်းကျင်ကောင်းများ ဖန်တီး ပေးနိုင်သည့် မူဝါဒများကို ချမှတ်ရမည်။

(ခ) အပင်မျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်သည့် အစိုးရ ဌာနများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရမည်။

(ဂ) အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းခြင်း၊ အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်ပေးအပ်

ခြင်းများဆောင်ရွက်ရမည်။

၆။ ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူက အပင်မျိုးသစ်အားကာကွယ်သည့် အခွင့်အရေးလျှောက်ထားလာသောအခါအဆိုပါအပင်မျိုးသစ်ကို သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိမရှိ စစ်ဆေးပေးသည့် အပင်မျိုးသစ် စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ သဘောထားမှတ်ချက်အပေါ် စိစစ်သုံးသပ်၍ ကိုက်ညီမှုရှိပါက အသိအမှတ်ပြုလက်မှတ်ကို ထုတ်ပေးရမည်။

## အခန်း(၅)
## အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သတ်မှတ်ချက်များ

၇။ အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့်အခွင့်အရေးအတွက် အပင်မျိုးသစ်အဖြစ်ကာကွယ်ခွင့်ရရှိရန်လျှောက်ထားလာသည့် အပင်မျိုးသည်အောက်ပါ အရည်အသွေးများနှင့် ပြည့်စုံရမည်-

(က) အသစ်ဖြစ်ခြင်း၊

(ခ) ထူးခြားမှုရှိခြင်း၊

(ဂ) ညီညာမှုရှိခြင်း၊

(ဃ) တည်ငြိမ်မှုရှိခြင်း၊

(င) ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်ပေးခြင်း။

၈။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးကို အပင်မျိုးသစ်ဟု မှတ်ယူရန်အတွက်-

(က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး လျှောက်ထားလာသည့်အချိန်၌ အပင်မျိုးမွေးမြူသူကိုယ်တိုင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် အဆိုပါ အပင်မျိုး၏ မျိုးပွားနိုင်သည့် သို့မဟုတ် ရိတ်သိမ်းထားသည့် အပင်အစိတ်အပိုင်းများအား မြန်မာနိုင်ငံတွင် တစ်နှစ်ထက်စော၍လည်းကောင်း၊ ပြည်ပနိုင်ငံများတွင် လေးနှစ်ထက်စော၍ လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်များ ဖြစ်ပါက ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ခြောက်နှစ်ထက် စော၍လည်းကောင်း စီးပွားရေးအလို့ငှာ စိုက်ပျိုးထုတ်လုပ်ခြင်း၊ အခြားအသုံးပြုမှုများအတွက် ရောင်းချထားခြင်းမရှိစေရ။

(ခ) လျှောက်ထားလာသည့် အပင်မျိုးစုနှင့် မျိုးစိတ်များသည် ယခင်လျှောက်ထားခဲ့ခြင်းမရှိပါက မြန်မာနိုင်ငံတွင် လေးနှစ်ထက် စော၍လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်ဖြစ်ပါက ခြောက်နှစ်ထက်စော၍ လည်းကောင်း စီးပွါးရေးအလို့ငှာ

ဖြန့်ဖြူးရောင်းချထားသော်လည်း ယင်းအပင်မျိုးစုနှင့်မျိုးစိတ်များကို အပင်မျိုးသစ်အဖြစ် မှတ်ယူနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးအတွက် လျှောက်ထားလိုသည့် အပင်မျိုးသစ်ကို ဤဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်အတွင်း လျှောက်ထားရမည်။

၉။ အပင်မျိုးသစ်အဖြစ် လျှောက်ထားသော အပင်မျိုးသည် ကာကွယ်ခွင့်ရရှိရန် လျှောက်ထားသည့်အချိန်တွင် အများလက်ခံသိရှိထားသည့် အခြားမည်သည့် အပင်မျိုးနှင့်မဆို သိသာစွာ ကွဲပြားခြားနားသည့် ထူးခြားသောလက္ခဏာ ရှိရမည်။

ရှင်းလင်းချက်။ ။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး လျှောက်ထားချိန် သို့မဟုတ် မှတ်ပုံတင်ခွင့် လျှောက်ထားချိန်တွင် နိုင်ငံအတွင်း၌ အများလက်ခံ သိရှိထားသည့် အခြားအပင်မျိုးများထက် ထူးခြားသော လက္ခဏာပါရှိသည့် အပင်မျိုးများနှင့် စပ်လျဉ်း၍ လျှောက်ထားခြင်းကိုသာ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကို ခွင့်ပြုခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၀။ အပင်မျိုးသစ်အဖြစ် လျှောက်ထားသော အပင်မျိုးသည် ၎င်း၏မျိုးပွားဖြစ်စဉ်ကြောင့် အချို့သောလက္ခဏာများ ကွဲလွဲနိုင်သော်လည်း အဆိုပါအပင်မျိုး၏မူရင်း လက္ခဏာများသည် ညီညာမှုရှိရမည်။

၁၁။ အပင်မျိုးသစ်အဖြစ်လျှောက်ထားသော အပင်မျိုးသည် သားဆက်အဆင့်ဆင့်မျိုးပွားရာတွင် သို့မဟုတ် အထူးသဖြင့် မျိုးပွားစက်ဝန်းတစ်လျှောက်နှင့် စက်ဝန်းအသီးသီး၏ အဆုံးတွင် ယင်းအပင်မျိုးကို ကိုယ်စားပြုသည့်လက္ခဏာများ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်စွာ ဖော်ပြရမည်။

၁၂။(က) အပင်မျိုးသစ်ကိုအမည်ပေးရာတွင်-

(၁) ယင်းအပင်မျိုးသစ်၏ အမည်နှင့်သက်ဆိုင်ရာ မျိုးစု၊ မျိုးစိတ်၏ သိပ္ပံအမည်ကို ထည့်သွင်း ဖေါ်ပြရမည်။

(၂) အဆိုပါ အပင်မျိုး၏ ကိုယ်ပိုင်လက္ခဏာများ၊ အရည်အသွေးများ သို့မဟုတ် အပင်မျိုးမွေးမြူသူမှဖန်တီးထားသည့် လက္ခဏာများကို အသိအမြင်လွဲမှားစေခြင်းနှင့် ရှုပ်ထွေးမှုဖြစ်စေသော အမည်မျိုးမပေးရ။ အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ်အကာအကွယ်ပေးရေးအဖွဲ့ဝင်နိုင်ငံများနှင့် အဖွဲ့အစည်းများ၏နယ်နမိတ်အတွင်း

ရှိ မျိုးစိတ်တူ သို့မဟုတ် နီးစပ်သော မျိုးစိတ်များ၏ ရှိပြီးမျိုးအမည်များနှင့် ကွဲပြားခြားနားစွာ ပေးရမည်။

(၃) ယခင်သတ်မှတ်လိုက်နာ ကျင့်သုံးခြင်းမှလွဲ၍ ကိန်းဂဏန်းတစ်မျိုးတည်းသာ ဖော်ပြထားသည့် အမည်ပေးခြင်းမျိုး မပေးရ။

(၄) ပုဒ်မခွဲငယ်(၆) ပါသတ်မှတ်ချက်များအရ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ကုန်ဆုံးပြီးသော်လည်း လွတ်လပ်စွာအသုံးပြုနေသည့် အပင်မျိုး၏ အမည်ကို အဟန့်အတားဖြစ်စေသည့် အမည်ပေးခြင်းမျိုးမပေးရ။

(၅) အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ်အကာအကွယ်ပေးရေး အဖွဲ့ဝင်နိုင်ငံများအားလုံးတွင် တူညီသော အမည်ပေးခြင်းမျိုး ဖြစ်ရမည်။

(၆) တတိယလူ၏ ဦးစားပေးအခွင့်အရေးအပေါ် အကျိုးသက်ရောက်မှုမရှိစေရ။ တတိယလူ၏ ဦးစားပေးအခွင့်အရေးကြောင့် အပင်မျိုးသစ်၏အမည် အသုံးပြုခြင်းအတွက် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၃) ပြဋ္ဌာန်းချက်များပါ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို တားမြစ်ပိတ်ပင်ခြင်းခံရလျှင် ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူကို အဆိုပါ အပင်မျိုးအတွက် အခြားအမည် တင်ပြစေရမည်။

(ခ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မှတ်ပုံတင်ထားသည့် အမည်ကို ယင်းအပင်မျိုးသစ်အား ရောင်းချခြင်း သို့မဟုတ် ဈေးကွက်တင်ပို့ခြင်း ပြုလုပ်သည့်အခါ ကုန်သွယ်မှု အမှတ်တံဆိပ်အဖြစ်လည်းကောင်း၊ ကုန်သွယ်မှုအမည်အဖြစ်လည်းကောင်း၊ အလားတူကိစ္စရပ်များတွင်လည်းကောင်း သုံးစွဲခွင့် ရရှိနိုင်သော်လည်း အလွယ်တကူ မှတ်မိနိုင်သည့် အမည်ပေးခြင်းမျိုး ဖြစ်ရမည်။

၁၃။(က) အပင်မျိုးသစ်ကို အမည်ပေးခြင်းနှင့် စပ်လျဉ်း၍-

(၁) ပုဒ်မ ၁၂ ပုဒ်မခွဲ(က) နှင့်ကိုက်ညီမှုမရှိသောကြောင့် ဗဟိုကော်မတီမှ ငြင်းပယ်လျှင် အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့်အခွင့်အရေးလျှောက်ထားသူက အမည်အသစ်တစ်ခုကို သတ်မှတ်ကာလအတွင်း တင်ပြစေရမည်။

(၂) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပေးအပ်လျှင် ယင်းအပင်မျိုးသစ်၏ အမည်ကို ဗဟိုကော်မတီ၏ မှတ်ပုံစာရင်းတွင်ရေးသွင်းရမည်။

(၃) မြန်မာနိုင်ငံအတွင်း ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းကို ရောင်းချသူ သို့မဟုတ် ဈေးကွက်တင်ပို့ခြင်း ဆောင်ရွက်သူမည်

သူမဆို အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ကုန်ဆုံးပြီးသည့်တိုင်အောင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)ပုဒ်မခွဲငယ်(၆) ပြဋ္ဌာန်းချက်ပါ ဦးစားပေးအခွင့်အရေးဖြင့် တားမြစ်ခြင်းခံရသည်မှလွဲ၍ ၎င်းအပင်မျိုးသစ်၏အမည်အား ဆက်လက်အသုံးပြုရမည်။

(ခ) ဗဟိုကော်မတီသည် အပင်မျိုးအမည်နှင့်စပ်လျဉ်း၍ လျှောက်ထားလာခြင်း၊ မှတ်ပုံတင်ခြင်း၊ ဖျက်သိမ်းခြင်းများကို အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ်အကာအကွယ်ပေးရေးအဖွဲ့ဝင်နိုင်ငံများ၏ တာဝန်ရှိသူများထံ အသိပေးရမည်။ အဆိုပါ အဖွဲ့ဝင်များ၏ မျိုးအမည် မှတ်ပုံတင်ခြင်းနှင် စပ်လျဉ်းသည့် လေ့လာတွေ့ရှိချက်များကိုလည်း ဗဟိုကော်မတီအနေဖြင့် တောင်းခံရယူနိုင်သည်။

## အခန်း(၆)
## အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေးလျှောက်ထားခြင်း

၁၄။ အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေးကို အောက်ပါပုဂ္ဂိုလ်များ လျှောက်ထားနိုင်သည်-

(က) နိုင်ငံသားများ၊

(ခ) တည်ဆဲဥပဒေအရ မြန်မာနိုင်ငံအတွင်းအမြဲနေထိုင်ခွင့်ရရှိထားသော နိုင်ငံခြားသားများနှင့် ယင်းတို့၏ အဖွဲ့အစည်းများ၊

(ဂ) အပင်မျိုးသစ်အကာအကွယ်ပေးရေးအတွက် မြန်မာနိုင်ငံနှင့် သဘောတူညီမှုရရှိထားသော နိုင်ငံခြားတိုင်းပြည်များမှ ယင်းတို့၏ နိုင်ငံသားများ၊ အဆိုပါ နိုင်ငံများတွင် တရားဝင် နေထိုင်ခွင့် ရရှိထားသော နိုင်ငံခြားသားများနှင့် အဖွဲ့အစည်းများ။

၁၅။ ပုဒ်မ ၁၄ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ပါ ပုဂ္ဂိုလ်များသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီပါက အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကို နိုင်ငံသားများနှင့် တန်းတူခံစားခွင့်ရှိသည်။

၁၆။ အပင်မျိုးမွေးမြူသူသည် အပင်မျိုးစုနှင့် မျိုးစိတ်များ အားလုံးအတွက် အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးကို ဤဥပဒေနှင့်အညီ လျှောက်ထားနိုင်သည်။

၁၇။ အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေး လျှောက်ထားလိုသူသည် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီသို့ လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါ အခွင့်အရေးရရှိရန် လျှောက်ထားသည့်နေ့စွဲသည် ဤဥပဒေအရ လျှောက်လွှာကိုလက်ခံရရှိသည့်နေ့စွဲ ဖြစ်ရမည်။

၁၈။ (က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပေးအပ်ခြင်းဆိုင်ရာမည်သည့်ဆုံးဖြတ်

ချက်ကိုမဆို ချမှတ်ပေးရန်အတွက် ပုဒ်မ ၈ မှ ၁၂ အထိ ပြဋ္ဌာန်းထားသည့် အပင်မျိုးသစ်၏ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိမရှိ စစ်ဆေးရန်အတွက် ဗဟိုကော်မတီသည် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားသည့် အစိုးရဌာနများမှပညာရှင်များပါဝင်သောအပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၊ သီးခြားအဖွဲ့အစည်းများ သို့မဟုတ် ကျွမ်းကျင်ပညာရှင်များအား တာဝန်ပေးနိုင်သည် ။

(ခ) ပုဒ်မခွဲ(က)အရ တာဝန်ပေးအပ်ခြင်းခံရသည့် နည်းပညာကော်မတီ၊ အဖွဲ့အစည်း သို့မဟုတ် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များသည် အပင်မျိုးသစ်ကို စစ်ဆေးရာတွင် သတ်မှတ်ဒေသများ၌ စိုက်ပျိုး၍စစ်ဆေးခြင်း၊ အခြားလိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ခြင်း၊ယခင် ဆောင်ရွက်ပြီးဖြစ်သော စမ်းသပ်ချက်များ သို့မဟုတ် စမ်းသပ်ကွက်များ၏ အဖြေမှတ်တမ်းများကို အသုံးပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ တာဝန်ပေးအပ်ခြင်းခံရသည့် နည်းပညာကော်မတီသည် ဗဟိုကော်မတီသို့ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ပြန်လည်တင်ပြရာတွင် မိတ္တူတစ်စောင်ကို အပင်မျိုးမွေးမြူသူထံသို့ပေးပို့ရမည်။

၁၉။ ဗဟိုကော်မတီသည်ကာကွယ်ခွင့်လျှောက်ထားသည့် အပင်မျိုးသစ်ကိုစမ်းသပ်စစ်ဆေးရန်အတွက် လိုအပ်သော သတင်းအချက်အလက်များ၊ မှတ်တမ်းစာရွက်စာတမ်းများနှင့် မျိုးနမူနာများကို ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောနည်းဥပဒေများ၊ချမှတ်ထားသောစည်းမျဉ်း စည်းကမ်းများနှင့်အညီ အပင်မျိုးမွေးမြူသူထံမှ တောင်းခံနိုင်သည်။

၂၀။(က) အပင်မျိုးသစ်အတွက်အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့်အခွင့်အရေးလျှောက်ထားသူသည်-

(၁) နိုင်ငံတော်နှင့် အပင်မျိုးသစ်ကာကွယ်ခွင့်ဆိုင်ရာ သဘောတူညီမှု ရရှိထားသော နိုင်ငံခြားတိုင်းပြည် သို့မဟုတ် အစိုးရများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်း (intergovernmental organization) တစ်ခုခုတွင် ယင်းအပင်မျိုးသစ်တစ်မျိုးတည်းကို ပထမအကြိမ် လျှောက်ထားခဲ့ပြီးမြန်မာနိုင်ငံ၌ ကာကွယ်ခွင့်ရယူနိုင်ရန်အတွက် ထပ်မံလျှောက်ထားလာပါက ပထမအကြိမ် မှတ်ပုံတင်လျှောက်ထားခဲ့သည့်နေ့မှ စတင်၍ ၁၂ လအတွင်း ဦးစားပေးအခွင့်အရေးအဖြစ် လျှောက်ထားခွင့်ရှိသည်။ ၁၂လ အတွက် ရေတွက်ရာတွင် လျှောက်ထားသည့်နေ့၏ နောက်ရက်မှ စတင်၍ ရေတွက်ရမည်။

(၂) ပုဒ်မခွဲ(က)အရ ဦးစားပေးအခွင့်အရေး လျှောက်ထားရာတွင် ပထမအကြိမ် လျှောက်ထားခဲ့သည့် အဖွဲ့အစည်းထံမှ မိတ္တူမှန်ကန်ကြောင်း ထောက်ခံချက်ပါရှိသည့် စာရွက်စာတမ်းများ၊ မျိုးနမူနာများအပြင် လိုအပ်ပါက အခြားအထောက်အထားများကို လျှောက်ထားသည့်နေ့မှ သုံးလအတွင်း ပေးပို့တင်ပြရမည်။

(၃) ပထမအကြိမ်လျှောက်ထားခြင်းကို ငြင်းပယ်ခြင်း သို့မဟုတ် ရုတ်သိမ်းခြင်းခံရပြီး အဆိုပါလျှောက်ထားခြင်း၏ ဦးစားပေးကာလကုန်ဆုံးခဲ့လျှင် အပင်မျိုးသစ်နှင့် သက်ဆိုင်သည့် အချက်များဖြစ်သော မျိုးနမူနာ၊ မှတ်တမ်းမှတ်ရာများနှင့် သတင်းအချက်အလက်များအား ပုဒ်မ ၁၈နှင့်၁၉ ပြဋ္ဌာန်းချက်ပါအပင်မျိုးသစ်နှင့် သက်ဆိုင်သည့် အချက်များကို စစ်ဆေးရန် ဗဟိုကော်မတီကို နှစ်နှစ်ခွင့်ပြုပေးရမည်။

(ခ) ပုဒ်မခွဲ(က)ပါ ဦးစားပေး အခွင့်အရေး ကာလအတွင်း အခြားနိုင်ငံအဖွဲ့အစည်းများသို့ လျှောက်ထားခြင်း သို့မဟုတ် ပထမအကြိမ် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ပြည်သူများအား အသိပေးခြင်း၊ အဆိုပါ မျိုးကို စစ်ဆေးရန် အသုံးပြုခြင်းတို့သည် ထပ်မံလျှောက်ထားခြင်းကို ငြင်းပယ်သည့် အခြေခံအကြောင်းတရားများ မဖြစ်စေရ၊ အဆိုပါ အကြောင်းအရာများသည့် မည့်သည့် တတိယအဖွဲ့အစည်း၏ ရပိုင်ခွင့် အခွင့်အရေးကို အားပေးစေခြင်းမျိုး မဖြစ်စေရ။

၂၁။(က) ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အပင်မျိုးသစ်အဖြစ် ကာကွယ်ခွင့်လျှောက်ထားကြောင်းကို အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာသည့်နေ့နှင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးပေးအပ်သည့် ကာလအတွင်း ယာယီကာကွယ်ခွင့်ပေးရမည်။

(ခ) ယာယီကာကွယ်ခွင့်ရရှိထားသောအပင်မျိုးသစ်ကို အခြားတစ်ဦးတစ်ယောက်က ပုဒ်မ ၂၂၊၂၄နှင့်၂၅ပါ ပြဋ္ဌာန်းချက်များနှင့်ပုဒ်မ၂၆တွင်ဖော်ပြထားသည့် မျိုးများထုတ်လုပ်ပြီး ကာကွယ်ခွင့်ထပ်မံလျှောက်ထားခြင်းများ ဆောင်ရွက်မည် ဆိုပါက ယင်းအပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်ကိုရယူရမည်။ အပင်မျိုးမွေးမြူသူသည် ယာယီကာကွယ်ခွင့်ကာလအတွင်း အဆိုပါ အပင်မျိုးသစ်နှင့် စပ်လျဉ်း၍ လိုင်စင် သဘောတူညီမှုများ၊ ဥပဒေနှင့်အညီ လုပ်ဆောင်ရမည်များကို အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးအားခွင့်ပြုသောအခါရရှိသကဲ့သို့ဆောင်ရွက်ရမည်။ယာယီကာကွယ်ခွင့်ရရှိထားသူသည် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးမရရှိခဲ့ပါက အထက်ဖော်ပြပါ ရပိုင်ခွင့်များကို ဆက်လက်ခံစားခွင့်မရှိစေရ။

## အခန်း(၇)
## အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး

၂၂။ မည်သူမဆို ပုဒ်မ ၂၇ နှင့် ၂၈ ပါ ကင်းလွတ်ခွင့်များမှလွဲ၍ ကာကွယ်ခွင့်ရရှိထားသောအပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် အသုံးချဆောင်ရွက်မည်ဆိုပါက အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်ကို ရယူရမည် -

(က) ထုတ်လုပ်ခြင်း သို့မဟုတ် ထပ်ဆင့်မျိုးပွားခြင်း၊

(ခ) မျိုးပွားရန်အတွက် ပြုပြင်ခြင်း၊

(ဂ) ရောင်းချရန် ကမ်းလှမ်းခြင်း၊

(ဃ) ရောင်းချခြင်း သို့မဟုတ် အခြားဈေးကွက်သို့တင်ပို့ရောင်းချခြင်း၊

(င) ပြည်ပသို့တင်ပို့ရောင်းချခြင်း၊

(စ) ပြည်ပမှ တင်သွင်းခြင်း၊

(ဆ) ပုဒ်မခွဲ(က)မှ(င)အထိလုပ်ငန်းများဆောင်ရွက်ရန်သိုလှောင်သိမ်းဆည်းခြင်း။

၂၃။ အပင်မျိုးမွေးမြူသူသည် ၎င်း၏ ရပိုင်ခွင့်များကို သဘာဝဘေးအန္တရာယ်များကြောင့် အရေးပေါ် အခြေအနေများ ပေါ်ပေါက်လာပါက ဗဟိုကော်မတီက ခွင့်ပြုသူကို ပုဒ်မ၂၂ပါ လုပ်ငန်းများအား လုပ်ကိုင်ခွင့်ပြုရမည်။

၂၄။ ပုဒ်မ၂၇နှင့်၂၈ပြဋ္ဌာန်းချက်များပါ ကင်းလွတ်ခွင့်များမှလွဲ၍ အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရှိဘဲ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အပင်၏ အစိတ်အပိုင်း၊ အပင်တစ်ပင်လုံးကို တစ်ဦးတစ်ယောက်က အသုံးပြု စိုက်ပျိုးထုတ်လုပ်ရာတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးမရရှိခဲ့လျှင် ရိတ်သိမ်းထားသည့် အပင်၏အစိတ်အပိုင်းများ သို့မဟုတ် အပင်တစ်ပင်လုံးအားပုဒ်မ ၂၂ ပြဋ္ဌာန်းချက်ပါ လုပ်ငန်းများ လုပ်ကိုင်ခြင်းအတွက် သင့်တင့်မျှတသော ရပိုင်ခွင့်အခွင့်အရေးများအား အဆိုပါ မျိုးပွားနိုင်သည့် အစိတ်အပိုင်းကို အသုံးပြုသူထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။

၂၅။ ပုဒ်မ၂၇နှင့်၂၈ ပြဋ္ဌာန်းချက်များပါ ကင်းလွတ်ခွင့်များမှလွဲ၍ ပုဒ်မ ၂၄ ပြဋ္ဌာန်းချက်ပါ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုး၏ ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများနှင့် စပ်လျဉ်း၍ အပင်မျိုးမွေးမြူသူမှ၎င်း၏ရသင့်ရထိုက်သော အခွင့်အရေးများမရရှိခဲ့လျှင် ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်၏ ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများမှ တိုက်ရိုက်ထုတ်လုပ်ထားသော ထုတ်ကုန်များကို ပုဒ်မ၂၂ ပြဋ္ဌာန်းချက်ပါ လုပ်ငန်းများ လုပ်ကိုင်ခြင်းအတွက် သင့်တင့်မျှတသော

ရပိုင်ခွင့်အခွင့် အရေးများအား အဆိုပါ မျိုးပွားနိုင်သည့် အစိတ်အပိုင်းကို အသုံးပြုသူထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။

၂၆။ ပုဒ်မ ၂၂၊ ၂၄ နှင့် ၂၅ တို့ပါ ပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါ မျိုးများအားလုံးကို သက်ရောက်မှုရှိစေရမည်-

(က) ကနဦးမျိုး (ကာကွယ်ခွင့်ယူထားသော အပင်မျိုး သို့မဟုတ် ကာကွယ်ခွင့်ယူထားခြင်းမရှိသောအပင်မျိုး)အား သဘာဝအလျောက် မျိုးထွန်းလာသည့် အပင်များကို ရွေးချယ်ခြင်း သို့မဟုတ် မျိုးထွန်းစေရန်ဖန်တီး၍ မျိုးထွန်းလာသည့် အပင်များကို ရွေးချယ်ခြင်း သို့မဟုတ် တစ်သျှူးများပြောင်းလဲစေရန်ဖန်တီးသော (somaclonal variant)နည်းဖြင့် ရွေးချယ်ခြင်း၊ မျိုးကွဲအပင်များအားရွေးချယ်ခြင်း၊ နောက်ပြန် မျိုးစပ်ခြင်း(backcross breeding) သို့မဟုတ် ဗီဇပြုပြင်နည်း(genetic engineering) စသည့် နည်းလမ်းများကို အခြေခံ၍ ဆင်းသက်ရရှိလာသည့် အပင်မျိုးများ ( Essentailly Derived Varieties) -

(၁) ကနဦးမျိုး၏ သို့မဟုတ် ကနဦးမျိုးမှ တဆင့်ခံ ထုတ်လုပ်ထားသောမျိုး၏ ဗီဇအစု သို့မဟုတ် ဗီဇအစုများ ပေါင်းစပ်ဆင်းသက်လာခြင်းကြောင့် အဆိုပါ မျိုးများ၏ အဓိကလက္ခဏာများအား ထင်ရှားသိသာစွာ ထိန်းသိမ်းဖော်ပြထားသော အပင်မျိုး၊

(၂) ကနဦးမျိုးနှင့် သိသာစွာကွဲပြားခြားနားသည့်မျိုး၊

(၃) လုပ်ဆောင်မှု မတူညီသောကြောင့် ရလာဒ်ကွာခြားခြင်းမှလွဲ၍ ကနဦးမျိုး၏ ဗီဇအစု သို့မဟုတ် ဗီဇအစုများ ပေါင်းစပ်ဆင်းသက်လာခြင်းကြောင့် အဆိုပါ မျိုးများ၏ အဓိကလက္ခဏာများ ဖော်ဆောင်ထားသဖြင့် ၎င်းကနဦးမျိုးဟု အတည်ပြုနိုင်သောမျိုး၊

(ခ) ကာကွယ်ခွင့် ရရှိထားသော အပင်မျိုးသစ်နှင့် သိသာစွာကွဲပြားခြားနားသည့် လက္ခဏာများမပါရှိသည့်မျိုးများ၊

(ဂ) ကာကွယ်ခွင့်ရရှိထားသောအပင်မျိုးသစ်အား စဉ်ဆက်မပြတ် အသုံးပြု၍ ထုတ်လုပ်ရရှိလာသည့်မျိုးများ။

၂၇။ (က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်မရရှိနိုင်မည့် အခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) စီးပွားဖြစ်ထုတ်လုပ်ရန် မဟုတ်ဘဲ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်ခြင်း၊

(၂) သုတေသနလုပ်ငန်းအတွက်ဆောင်ရွက်ခြင်း၊

(၃) ပုဒ်မ၂၆ပါ ပြဋ္ဌာန်းထားသည့်မျိုးများ ထုတ်လုပ်ခြင်းမှလွဲ၍ အခြားမျိုးများ မွေးမြူထုတ်လုပ်ရန်အတွက် အသုံးပြုခြင်း။

(ခ) ကာကွယ်ခွင့်ရရှိသောအပင်မျိုးသစ် သို့မဟုတ် ပုဒ်မ၂၆ (က)၊ (ခ) ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သော အပင်မျိုးများကို တောင်သူလယ်သမားများက ၎င်းတို့၏ ကိုယ်ပိုင်မြေတွင် မျိုးထိန်းစိုက်ပျိုးခြင်း၊ စိုက်ပျိုးခြင်းမှ ရရှိလာသည့် ထွက်ကုန်များကို မိမိစားသုံးရန်အတွက်အသုံးပြုခြင်းသည် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကို ချိုးဖောက်သည်ဟု မမှတ်ယူရ။

(ဂ) ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ ကင်းလွတ်ခွင့်ပေးရာတွင် သစ်သီးပင်များ၊ အလှစိုက်ပန်းပင်များ၊ ဟင်းသီးဟင်းရွက်များနှင့် သစ်တောသစ်ပင်များပါဝင်ခြင်း မရှိစေရ။

၂၈။ (က) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများ သို့မဟုတ် ပုဒ်မ ၂၆ တွင် ပြဋ္ဌာန်းထားသောမျိုးများကို အပင်မျိုးမွေးမြူသူ ကိုယ်တိုင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ရောင်းချခြင်း၊ ဈေးကွက်သို့ တင်ပို့ခြင်းတို့ကို အောက်ဖော်ပြပါအခြေအနေများတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးမရှိစေရ -

(၁) ထပ်မံမျိုးပွားမှုမပြုခြင်း၊

(၂) ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အဆိုပါအပင်မျိုး၏ မျိုးစုနှင့်မျိုးစိတ်များအား ကာကွယ်ခွင့်ဆောင်ရွက်ထားရှိမှု မရှိသော တိုင်းပြည်များသို့ စားသုံးရန်အတွက် တင်ပို့ခြင်း၊

(ခ) ပုဒ်မခွဲ (က) အရအပင်မျိုးနှင့် သက်ဆိုင်သည့် အစိတ်အပိုင်းများမှာ -

(၁) မျိုးပွားနိုင်သည့် အစိတ်အပိုင်းများ၊

(၂) အပင်၏အစိတ်အပိုင်းများနှင့် အပင်တစ်ပင်လုံးပါဝင်သော ရိတ်သိမ်းထားသော အစိတ်အပိုင်းနှင့်

(၃) ရိတ်သိမ်းထားသည့် အစိတ်အပိုင်းမှ တိုက်ရိုက်ထုတ်လုပ်သည့် ထုတ်ကုန်တို့ ဖြစ်သည်။

၂၉။ (က) မည်သူမျှ ကာကွယ်ခွင့် ရရှိထားသော အပင်မျိုးသစ်အား အပင်မျိုးမွေးမြူသူ၏ခွင့်ပြု

ချက်မရရှိဘဲပုဒ်မ ၂၂၊၂၄၊၂၅ပါ လုပ်ငန်းများလုပ်ကိုင်ခြင်းနှင့်ပုဒ်မ ၂၆ ပါမျိုးများ ထုတ်လုပ်၍ ကာကွယ်ခွင့်ရယူခြင်းများ ဆောင်ရွက်ခြင်းမပြုရ။

(ခ) အများပြည်သူ့အကျိုးမှတပါး ဤဥပဒေတွင်ဖော်ပြထားသည့် အပင်မျိုး မွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးများ ဆောင်ရွက်နေမှုကို မည်သည့် အကြောင်းတစ်စုံတစ်ရာကမျှ ကန့်သတ်ခြင်းမရှိစေရ။

(ဂ) ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် တတိယအဖွဲ့အစည်း၏ ဆောင်ရွက်ချက်အပေါ် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးမှ ကင်းလွတ်ခွင့် ပြုရန်ပေါ်ပေါက်လာပါက အဆိုပါကိစ္စရပ်များအတွက် အပင်မျိုးမွေးမြူသူမှ သင့်တင့်မျှတသော အခကြေးငွေများ ရရှိနိုင်သည်။

၃၀။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးသည် မည်သည့် အခြေအနေတွင်မဆို ကုန်ထုတ်လုပ်မှုစည်းမျဉ်းသတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက်တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။ ဖော်ပြပါ အကြောင်းအရာများသည် မည်သည့် အခြေအနေတွင်မဆို ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်မှုမရှိစေရ။

၃၁။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ကာကွယ်ခွင့်ကာလကို ကာကွယ်ခွင့်ရရှိသည့် နေ့မှစတင်၍ နှစ်ရှည်ပင်နှင့် နွယ်ပင်မျိုးသစ်များအတွက် ၂၅ နှစ်နှင့် အခြားအပင်မျိုးသစ်များအတွက် အနှစ် ၂၀ ဖြစ်သည်။

## အခန်း(၈)
## အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပျက်ပြယ်ခြင်းနှင့် ရုပ်သိမ်းခြင်း

၃၂။ အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ပျက်ပြယ်စေရမည်-

(က) အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးပေးအပ်သည့် အချိန်တွင် ဖော်ပြခဲ့သည့် ပုဒ်မ ၈ နှင့် ၉ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်းစစ်ဆေးတွေ့ရှိခြင်း၊

(ခ) အပင်မျိုးမွေးမြူသူမှ တင်ပြခဲ့သည့် စာရွက်စာတမ်းများနှင့် အချက်အလက်များကို အခြေခံ၍ အပင်မျိုးမွေးမြူသူရပိုင်ခွင့် အခွင့်အရေးများကို ပေးအပ်လျှင် အပင်မျိုးသစ်ကို ကာကွယ်သည့် အခွင့်အရေးများပေးအပ်သည့်အချိန်၌ ဖော်ပြခဲ့သည့် ပုဒ်မ ၁၀ နှင့် ၁၁ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို အမှန်ရသင့်သူအားပေးအပ်ရမည့်အစား မရရှိသင့်သူအားပေးအပ်ခဲ့ခြင်း။

၃၃။ ပုဒ်မ ၃၂ပါ အခြေအနေများမှအပ အခြားအကြောင်းခြင်းအရာများကြောင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ပျက်ပြယ်ခြင်း မရှိစေရ။

၃၄။ ဗဟိုကော်မတီသည် အောက်ဖော်ပြပါအခြေအနေများတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို ရုပ်သိမ်းနိုင်သည်-

(က) ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်သည် ပုဒ်မ ၁၀ နှင့် ၁၁ တို့ပါ ပြဋ္ဌာန်းချက်များကို ရေရှည်ထိန်းသိမ်းထားနိုင်မှု မရှိခြင်း၊

(ခ) အပင်မျိုးမွေးမြူသူက ဗဟိုကော်မတီသို့ မျိုးသစ်နှင့် စပ်လျဉ်း၍ မျိုးသစ်အဖြစ်ဆက်လက်တည်ရှိရန် လိုအပ်သည့် သတင်းအချက်အလက်များ၊ မှတ်တမ်းများကို သတ်မှတ် ကာလအတွင်း တင်ပြနိုင်မှုမရှိခြင်း၊

(ဂ) အပင်မျိုးမွေးမြူသူက ၎င်း၏ရပိုင်ခွင့် အခွင့်အရေးကို ဆက်လက်ထိန်းသိမ်းရန်အတွက် ပေးရန်ရှိသည့် အဖိုးအခများကို သတ်မှတ်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်း၊

(ဃ) အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့် အခွင့်အရေးရရှိပြီး ကာကွယ်ခွင့် ရရှိထားသည့် အပင်မျိုးသစ်၏အမည်အား ဖျက်သိမ်းခံရပြီးနောက် အပင်မျိုးသစ်မွေးမြူသူမှ ထပ်မံ၍ အခြားသင့်လျော်သည့် မျိုးအမည်အသစ်အား သတ်မှတ်ကာလအတွင်း အဆိုပြုနိုင်မှု မရှိခြင်း။

၃၅။ ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်များမှအပ မည်သည့်အကြောင်းအရာကမျှ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို ရုပ်သိမ်းခြင်း မရှိစေရ။

## အခန်း(၉)
## အယူခံဝင်ခြင်း

၃၆။ (က) အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ သုံးသပ်ချက်အစီရင်ခံစာကို မကျေနပ်သူသည် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီသို့ အယူခံနိုင်သည်။

(ခ) ဗဟိုကော်မတီသည် ပုဒ်မခွဲ(က)အရ အယူခံခြင်းနှင့် စပ်လျဉ်း၍ အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ သုံးသပ်ချက်အစီရင်ခံစာကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ဗဟိုကော်မတီကချမှတ်သော ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဤကိစ္စအလို့ငှာ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ စီရင်ပိုင်ခွင့် အာဏာအပ်နှင်းထားသည့် တရားရုံးသို့ တည်ဆဲဥပဒေများနှင့်အညီ လျှောက်ထားနိုင်သည်။

## အခန်း(၁၀)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၇။ မည်သူမဆို ကာကွယ်ခွင့်ရရှိထားသောအပင်မျိုးသစ်ကို ယင်းအပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရှိဘဲ ပုဒ်မ ၂၂၊ ၂၄ နှင့်၂၅ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံးခြောက်လမှအများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးငွေဒဏ်ကျပ်တစ်ဆယ်သိန်းမှ အများဆုံးငွေဒဏ် ကျပ်သိန်းငါးဆယ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း(၁၁)
## အထွေထွေ

၃၈။ အပင်မျိုးသစ်ကာကွယ်ခွင့်လျှောက်ထားသူသည် ဤဥပဒေပြဋ္ဌာန်းချက်များအားလိုက်နာမှုရှိခြင်း၊ လိုအပ်သည့် အဖိုးအခပေးဆောင်ခြင်းများ ဆောင်ရွက်ထားပါက အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို အခြားမည့်သည့် အကြောင်းအရာများကမှ ဟန့်တားခြင်း မရှိစေရ။

၃၉။ ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးရရှိရန်လျှောက်ထားခြင်း၊ အသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်း၊ အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်အမည် တင်ပြခြင်း၊ အတည်ပြုခြင်းတို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပြည်သူလူထုအား အသိပေးရမည်။

၄၀။ ဤဥပဒေနှင့်နည်းဥပဒေများပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်နည်းပညာကော်မတီ၏ တွေ့ရှိချက်ကို အခြေခံ၍ ဗဟိုကော်မတီသည်ကြီးကြပ်စီမံ ဆောင်ရွက်ရမည်။

၄၁။ (က) အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေးရရှိထားသော အပင်မျိုးမွေးမြူသူသည် ၎င်း၏ ရပိုင်ခွင့်အခွင့်အရေးကို ချိုးဖေါက်သူအား တွေ့ရှိပါက အောက်ဖေါ်ပြပါ အရေးယူမှုများ ဆောင်ရွက်ပေးရန် ဗဟိုကော်မတီသို့တောင်းဆိုနိုင်သည်-

(၁) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို ချိုးဖေါက်သည်ဟု သက်သေအထောက်အထားရှိပါက ဆက်လက်လုပ်ဆောင်ခြင်း မပြုရန် တားမြစ်ခြင်း၊

(၂) အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ ချိုးဖောက်သူ လက်ဝယ်တွင် တွေ့ရှိသော ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့်

အစိတ်အပိုင်းများ၊ ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများ သို့မဟုတ် ၎င်းတို့မှ ရရှိလာသော ဆက်စပ်ထွက်ကုန်များအား ဖျက်စီးခြင်း။

(ခ) အခြားသော ဉာဏမူပိုင်ခွင့် အခွင့်အရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများပါ ပြဋ္ဌာန်းချက်များကို အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့် အခွင့်အရေးဆိုင်ရာ ဥပဒေအား လိုက်နာဆောင်ရွက်ရေးအတွက် အသုံးပြုနိုင်သည်။

၄၂။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီအဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်ထားသော ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၄၃။ ဗဟိုကော်မတီသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေးရရှိရန် အပင်မျိုးသစ်ကာကွယ်ခွင့်အခွင့်အရေး လျှောက်ထားသူက ပေးဆောင်ရမည့် အခကြေးငွေများကို သတ်မှတ်ပေးရမည်။

၄၄။ အပင်မျိုးသစ်ကာကွယ်ခွင့်အခွင့်အရေး လျှောက်ထားသူသည် အပင်မျိုးသစ်ကာကွယ်ခွင့် လျှောက်ထားခြင်း၊ စစ်ဆေးခြင်းများအတွက် သတ်မှတ်ထားသည့် အခကြေးငွေများကို ဗဟိုကော်မတီသို့ ပေးဆောင်ရမည်။

၄၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၆။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်-၁၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၉ ခုနှစ်၊အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

၂၀၁၉ ခုနှစ်၊အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ၏ ရည်ရွယ်ချက်များမှာ-

(က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးများကို အကာအကွယ်ပေးရန်၊

(ခ) အပင်မျိုးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) အပင်မျိုးမွေးမြူခြင်းလုပ်ငန်းတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန်၊

(ဃ) အပင်မျိုးသစ်များ မွေးမြူရရှိလာပြီး စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။

## ၂၀၁၉ ခုနှစ်၊အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ (မူကြမ်း) ပြင်ဆင်ဆောင်ရွက်မှု ကျိုးကြောင်းဖော်ပြချက် နှိုင်းယှဉ်ပြဇယား

| ပုဒ်မ | ပုဒ်မခွဲ | မူလဥပဒေ | ပုဒ်မ | ပုဒ်မခွဲ | အသစ်ပြဋ္ဌာန်းလိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | **အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ**<br>(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ။)<br>၁၃၇၇ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်<br><br>(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)<br>ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ | | | **၂၀၁၉ခုနှစ်**<br>**အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ(မူကြမ်း)**<br>(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)<br>၁၃၈၀ ပြည့်နှစ်၊ ရက်<br><br>(၂၀၁၉ ခုနှစ်၊ လ ရက်)<br>ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ | |
| | | **အခန်း(၁)**<br>**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်** | | | **အခန်း(၁)**<br>**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်** | |
| ၁။ | (က) | ဤဥပဒေကို အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေဟု ခေါ်တွင်စေရမည်။ | ၁။ | (က) | ဤဥပဒေကို ၂၀၁၉ခုနှစ် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေဟု ခေါ်တွင်စေရမည်။ | ယခင်ပြဋ္ဌာန်းထားသည်ကိုအသစ် ပြဋ္ဌာန်းခြင်းဖြစ်၍ ခုနှစ်ဖြည့်စွက်ရန် အကြံပြုသည့်အတိုင်း ပြင်ဆင် ထားပါသည်။ |
| | (ခ) | ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့်နေ့မှစတင်၍အာဏာတည်စေရမည်။ | | | | သမ္မတလက်မှတ်ထိုးလျှင် အာဏာတည်မည်ဖြစ်၍ ထည့်ရန်မလိုသောကြောင့် ဖြုတ်ထားခြင်းဖြစ်သည်။ |
| ၂။ | | ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် - | ၂။ | | ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်- | မူလအတိုင်းဖြစ်ပါသည်။ |

| | | | | | | |
|---|---|---|---|---|---|---|
| | (က) | **အပင်**ဆိုသည်မှာ အဏုဇီဝသက်ရှိများမှလွဲ၍ အပင်လောကအတွင်းရှိ မည်သည့်အပင်ကိုမဆို ဆိုသည်။ | | (က) | **အပင်**ဆိုသည်မှာ အဏုဇီဝသက်ရှိများမှလွဲ၍ အပင်လောကအတွင်းရှိ မည်သည့် အပင်ကိုမဆို ဆိုသည်။ | မူလအတိုင်း ဖြစ်ပါသည်။ |
| | (ခ) | **အပင်မျိုး**ဆိုသည်မှာ ရုက္ခဗေဒဆိုင်ရာ အမျိုးအစားခွဲခြားခြင်း၏ အနိမ့်ဆုံးအဆင့်တွင်ရှိပြီး သီးသန့်ရုပ်သွင် လက္ခဏာများပါရှိသည့် အပင်မျိုးကို ဆိုသည်။ | | (ခ) | **အပင်မျိုး**ဆိုသည်မှာဤဥပဒေအရအပင်မျိုးသစ်အား အကာအကွယ်ပေးအပ်နိုင်သည့် အခြေအနေများနှင့် ကိုက်ညီသည်ဖြစ်စေ၊မညီသည်ဖြစ်စေရုက္ခဗေဒဆိုင်ရာ အမျိုးအစားခွဲခြားခြင်း၏အနိမ့်ဆုံးအဆင့်တွင်ရှိသော အပင်အုပ်စုတစ်ခုဟုသတ်မှတ်၍အောက်ပါအရည် အသွေးများနှင့် ပြည့်စုံသောအပင်မျိုးကိုဆို သည်-<br>(၁) မူလပါရှိသည့် မျိုးဗီဇတစ်ခု သို့မဟုတ် မျိုးဗီဇအစုအဖွဲ့များ ပေါင်းစပ်ခြင်းကြောင့် သက်ဆိုင်ရာ သွင်ပြင် လက္ခဏာများ ဖေါ်ပြနိုင်သောမျိုး၊<br>(၂) အခြားအပင်အုပ်စုများနှင့် အနည်းဆုံးလက္ခဏာတစ်ခုခုတွင် ကွဲပြားခြားနားသောမျိုး၊<br>(၃) မျိုးပွားသည့်အခါ မျိုးဗီဇလက္ခဏာများ ပြောင်းလဲမှု မရှိဘဲ တည်ငြိမ်စွာဖေါ်ပြနိုင်သောမျိုး။ | အဓိပ္ပာယ်ပြည့်စုံရန် ဖြည့်စွက်ခြင်းဖြစ်ပါသည်။ |
| | (ဂ) | **အပင်မျိုးသစ်**ဆိုသည်မှာ လက်ရှိအပင်မျိုးများနှင့် အနည်းဆုံးလက္ခဏာတစ်ရပ်ရပ်တွင် သိသာစွာ ကွဲလွဲမှုရှိပြီး စိုက်ပျိုးသည့်အခါ ယင်း၏လက္ခဏာရပ်များမှာ ညီညာမှုရှိ၍ ထပ်ဆင့်မျိုးပွားရာတွင်လည်း ယင်း၏လက္ခဏာရပ်များ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်စွာ ဖော်ပြနိုင်သော အပင်မျိုးကိုဆိုသည်။ | | (ဂ) | **အပင်မျိုးသစ်**ဆိုသည်မှာ လက်ရှိအပင်မျိုးများနှင့် အနည်းဆုံးလက္ခဏာတစ်ရပ်ရပ်တွင် သိသာစွာ ကွဲလွဲမှုရှိပြီး စိုက်ပျိုးသည့်အခါ ယင်း၏လက္ခဏာရပ်များမှာ ညီညာမှုရှိ၍ ထပ်ဆင့်မျိုးပွားရာတွင်လည်း ယင်း၏ လက္ခဏာရပ်များ ပြောင်းလဲမှု မရှိဘဲ ဤဥပဒေ ပုဒ်မ ၈ ပါ အတိုင်း အပင်မျိုးအသစ်ဖြစ်ရန် နှင့် ပုဒ်မ ၁၂၊ ၁၃ တို့နှင့်အညီ အမည်ပေးထားသော အပင်မျိုးကို ဆိုသည်။ | အမျိုးသစ်လွှတ်တော်ဥပဒေကြမ်းကော်မတီမှ ၂၈.၂.၂၀၁၉နေ့ အစည်းအဝေးတွင် ဖြည့်စွက်ပြင်ဆင်ထားပါသည်။ |
| | (ဃ) | **အပင်မျိုးမွေးမြူသူ** ဆိုသည်မှာ အပင်မျိုးသစ် (သို့မဟုတ်) အပင်မျိုးတစ်မျိုးကို မွေးမြူသူ (သို့မဟုတ်) ရှာဖွေဖော်ထုတ်သူကို လည်းကောင်း၊ | | (ဃ) | **အပင်မျိုးမွေးမြူသူ**ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်များကို ဆိုသည်-<br>(၁)အပင်မျိုးတစ်မျိုးကိုမွေးမြူသူသို့မဟုတ်ရှာဖွေဖော် | အဓိပ္ပာယ်ပြည့်စုံရန် ဖြည့်စွက်ခြင်းဖြစ်ပါသည်။ |

| | | | | | |
|---|---|---|---|---|---|
| | | အပင်မျိုးမွေးမြူသူအား အဖိုးအခဖြင့် တာဝန်ပေးအပ်သူ လုပ်ငန်းပိုင်ရှင်ကိုလည်းကောင်း၊ အပင်မျိုးမျိုးမွေးမြူသူ၏ တာဝန်ကို တရားဝင် ဆက်လက်တာဝန်ယူသည့် ပုဂ္ဂိုလ်ကိုလည်းကောင်း ဆိုသည်။ | | ထုတ်ပြီး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သူ၊<br>(၂) ပုဒ်မခွဲငယ်(၁)ပါ အပင်မျိုးမွေးမြူသူကို တာဝန်ပေးအပ်သည့် လုပ်ငန်းပိုင်ရှင် သို့မဟုတ် လုပ်ငန်းပိုင်ရှင်၏ ကိုယ်စားဆောင်ရွက်ခွင့်ရှိသူ၊<br>(၃) ပုဒ်မခွဲငယ်(၁) နှင့် (၂)တို့တွင် ဖေါ်ပြထားသော အပင်မျိုးမွေးမြူသူ၏ တာဝန်ကို တရားဝင်ဆက်လက်ဆောင်ရွက်သူ။ | |
| | (င) | **အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေး** ဆိုသည်မှာ အပင်မျိုးမွေးမြူသူက မွေးမြူထုတ်လုပ်လိုက်သည့် အပင်မျိုးသစ်ကို ဤဥပဒေပုဒ်မ ၂၃ ပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းမျိုးမွေးမြူသူ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရန် ကာကွယ်နိုင်သည့် အခွင့်အရေးကို ဆိုသည်။ | | | ပုဒ်မခွဲ(စ)နှင့် အဓိပ္ပာယ်ဆင်တူသောကြောင့် ဖြုတ်ခြင်းဖြစ်ပါသည်။ |
| | (စ) | **အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး** ဆိုသည်မှာ ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်ကို ဤဥပဒေ ပုဒ်မ ၂၃ ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက ယင်းအပင်မျိုးမွေးမြူသူက ခံစားခွင့်ရရှိနိုင်သည့် ရပိုင်ခွင့် အခွင့်အရေးကို ဆိုသည်။ | (င) | **အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး** ဆိုသည်မှာ ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်ကို အခြားသူ တစ်ဦးတစ်ယောက်က ပုဒ်မ၂၂၊၂၄ နှင့်၂၅ပါ လုပ်ငန်းများအား လုပ်ကိုင် ဆောင်ရွက်ပါက အပင်မျိုးမွေးမြူသူမှ တောင်းဆိုနိုင်သည့် ရပိုင်ခွင့် အခွင့်အရေးကို ဆိုသည်။ | အဓိပ္ပာယ်ပြည့်စုံရန် ဖြည့်စွက်ခြင်းဖြစ်ပါသည်။ |
| | (ဆ) | **မျိုးပွားနိုင်သည့်အပင်အစိတ်အပိုင်း** ဆိုသည်မှာ ထပ်မံမျိုးပွားရန်အတွက် အသုံးပြုသည့် မျိုးစေ့ (သို့မဟုတ်) အပင်တစ်ပင်လုံး (သို့မဟုတ်) အပင်၏ အစိတ်အပိုင်းများကိုဆိုသည်။ | (စ) | **မျိုးပွားနိုင်သည့်အစိတ်အပိုင်း** ဆိုသည်မှာ အပင်မျိုးအား မျိုးပွားရန် အသုံးပြုသည့် အပင်တစ်ပင်လုံး သို့မဟုတ် အပင်၏ အစိတ်အပိုင်းများကို ဆိုသည်။ | အဓိပ္ပာယ်လွဲ၍စကားရပ်အနည်းငယ်ပြင်ဆင်ထားပါသည်။ |
| | (ဇ) | **ရိတ်သိမ်းနိုင်သည့်အစိတ်အပိုင်း** ဆိုသည်မှာ အပင်တစ်ပင်ရှိ စီးပွားဖြစ် အသုံးပြုနိုင်သော အစိတ် | (ဆ) | **ရိတ်သိမ်းထားသည့် အစိတ်အပိုင်း**ဆိုသည်မှာ အပင်မျိုး၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အသုံး | စကားရပ်အနည်းငယ်ပြင်ဆင်ထားပါသည်။ |

| | | | | | | |
|---|---|---|---|---|---|---|
| | | အပိုင်း (သို့မဟုတ်) ယင်းအပင်မှ ရရှိလာသော ထုတ်ကုန်ကိုဆိုသည်။ | | | ပြုခြင်းမှ ထုတ်လုပ်ရရှိလာသည့် အပင်တစ်ပင်လုံး သို့မဟုတ် အပင်၏ အစိတ်အပိုင်းများကို ဆိုသည်။ | |
| | (ဈ) | **အသိအမှတ်ပြုလက်မှတ်**ဆိုသည်မှာ အပင်မျိုးသစ်ကိုကာကွယ်ခွင့်ပြုကြောင်း အပင်မျိုးမွေးမြူသူအား ဤဥပဒေအရထုတ်ပေးသော လက်မှတ်ကိုဆိုသည်။ | | (ဇ) | **အသိအမှတ်ပြုလက်မှတ်**ဆိုသည်မှာ အပင်မျိုးသစ်ကို ကာကွယ်ခွင့်ရရှိရေးအတွက် အပင်မျိုးမွေးမြူသူအား ဤဥပဒေအရ ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။ | မူလအတိုင်းဖြစ်ပါသည်။ |
| | (ည) | **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။ | | (ဈ) | **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။ | "ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန "စကားရပ်အစား ပြောင်းလဲသတ်မှတ်ခဲ့သောဖွဲ့စည်းပုံအရ ပြောင်းလဲဖော်ပြခြင်းဖြစ်ပါသည်။ |
| | (ဋ) | **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။ | | (ည) | **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အမျိုးသား အပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။ | မူလအတိုင်းဖြစ်ပါသည်။ |
| | (ဌ) | **ဦးစီးဌာန**ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို ဆိုသည်။ | | (ဋ) | **ဦးစီးဌာန**ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို ဆိုသည်။ | "လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန "စကားရပ်အစား ပြောင်းလဲသတ်မှတ်ခဲ့သောဖွဲ့စည်းပုံအရ ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။ |
| | | **အခန်း(၂)**<br>**ရည်ရွယ်ချက်များ** | | | **အခန်း(၂)**<br>**ရည်ရွယ်ချက်များ** | |

| | | | | | | |
|---|---|---|---|---|---|---|
| ၃။ | | ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ဖော်ပြပါ အတိုင်း ဖြစ်သည်- | ၃။ | | ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ဖော်ပြပါ အတိုင်း ဖြစ်သည်- | မူလအတိုင်းဖြစ်ပါသည်။ |
| | (က) | အပင်မျိုးသစ် မွေးမြူသူများ၏ ရပိုင်ခွင့် အခွင့်အရေးကို အကာအကွယ်ပေးရန်၊ | | (က) | အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးများကို အကာအကွယ်ပေးရန်၊ | မူလအတိုင်းဖြစ်ပါသည်။ |
| | (ခ) | အပင်မျိုးသစ်မွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊ | | (ခ) | အပင်မျိုးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊ | မူလအတိုင်းဖြစ်ပါသည်။ |
| | (ဂ) | အပင်မျိုးသစ်မွေးမြူခြင်းလုပ်ငန်းတွင်ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန်၊ | | (ဂ) | အပင်မျိုးမွေးမြူခြင်းလုပ်ငန်းတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန်၊ | မူလအတိုင်းဖြစ်ပါသည်။ |
| | (ဃ) | အပင်မျိုးသစ်များ မွေးမြူရရှိလာခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေရန်။ | | (ဃ) | အပင်မျိုးသစ်များ မွေးမြူရရှိလာပြီး စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေရန်။ | အဓိပ္ပာယ်ပြည့်စုံရန် စကားရပ်အနည်းငယ် ဖြည့်စွက်ထားပါသည်။ |
| | | **အခန်း(၃)**<br>**ဗဟိုကော်မတီဖွဲ့စည်းခြင်း** | | | **အခန်း(၃)**<br>**ဗဟိုကော်မတီဖွဲ့စည်းခြင်း** | |
| ၄။ | | ဝန်ကြီးဌာနသည်ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီကိုဝန်ကြီးဌာန၏ဒုတိယဝန်ကြီးကဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဤဥပဒေနှင့် ဆက်စပ် အကျုံးဝင်သည့် ဝန်ကြီးဌာနများရှိ သက်ဆိုင်ရာဌာနများ၊အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူ ပညာရှင်များနှင့် အခြားသင့်လျော်သူများကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်းရမည်။ | ၄။ | (က) | ဝန်ကြီးဌာနသည် -<br>ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆက်စပ်သည့် ဝန်ကြီးဌာနများရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူပညာရှင်များနှင့် အခြားသင့်လျော်သူများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ဦးစီးဌာန၊ညွှန် ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သည့်အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ဖွဲ့စည်းရမည်။ | ရေးထုံးနှင့်ပုဒ်မခွဲ ပြင်ဆင်ထားပါသည်။ |
| ၅။ | | ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ | | (ခ) | ပုဒ်မခွဲ(က)အရဖွဲ့စည်းရာတွင်လိုအပ်ပါက ဒုတိယ | |

| | | | | | | |
|---|---|---|---|---|---|---|
| | | သဘောတူညီချက်ဖြင့် ဗဟိုကော်မတီ ဖွဲ့စည်းရာတွင် လိုအပ်လျှင် ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန် ပေးအပ်နိုင်သည်။ | | | ဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်နိုင်သည်။ | |
| ၆။ | | ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ | | (ဂ) | ပုဒ်မခွဲ(က)အရဖွဲ့စည်းထားသော ဗဟိုကော်မတီကို လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ | |
| | | **အခန်း(၄)**<br>**ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ** | | | **အခန်း(၄)**<br>**ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ** | |
| ၇။ | | ဗဟိုကော်မတီသည် - | ၅။ | | ဗဟိုကော်မတီသည် - | |
| | (က) | ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပင်မျိုးမွေးမြူခြင်းဆိုင်ရာ မူဝါဒများ ချမှတ်ရမည်။ | | (က) | ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အပင်မျိုးမွေးမြူရေးလုပ်ငန်းများနှင့်အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးများကို အထောက်အကူဖြစ်စေသော ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်သည့် မူဝါဒများကို ချမှတ်ရမည်။ | အဓိပ္ပာယ်ပြည့်စုံရန် ဖြည့်စွက်ခြင်းဖြစ်ပါသည်။ |
| | (ခ) | အပင်မျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်သည့်အစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရမည်။ | | (ခ) | အပင်မျိုးမွေးမြူရေးလုပ်ငန်းများ၊ နည်းပညာနှင့်သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်သည့် အစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရမည်။ | မူလအတိုင်းဖြစ်ပါသည်။ 'နည်းပညာနှင့်သုတေသနလုပ်ငန်းများ' ဆိုသည့်စကားရပ်ထပ်ဖြည့်ထားပါသည်။ |
| | (ဂ) | ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးစေ့နှင့် အပင်အစိတ်အပိုင်းများကို နိုင်ငံအချင်းချင်း သဘောတူညီချက်အရ သုတေသနပြုလုပ်နိုင်ရန်အတွက် လိုအပ်သလို ပေးပို့ခြင်းနှင့် လက်ခံခြင်း | | | | ပုဒ်မခွဲ(ခ)တွင် အဓိပ္ပာယ်ဖော်ပြပြီး၍ ဖြုတ်ခြင်း ဖြစ်ပါသည်။ |

| | | | | | |
|---|---|---|---|---|---|
| | | များ ဆောင်ရွက်ရမည်။ | | | |
| | (ဃ) | အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းခြင်း၊ အခါအားလျော်စွာပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ရမည်။ | | (ဂ) | အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာနည်းပညာကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းခြင်း၊ အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ရမည်။ | မူလအတိုင်းဖြစ်ပါသည်။ |
| ၈။ | | ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေး လျှောက်ထားလာသည့်အခါ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ယင်းအပင်မျိုးသစ်ကို ကာကွယ်နိုင်သည့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်။ | ၆။ | | ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူက အပင်မျိုးသစ်အားကာကွယ်သည့်အခွင့်အရေးလျှောက်ထားလာသောအခါအဆိုပါအပင်မျိုးသစ်ကိုသတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိမရှိစစ်ဆေးပေးသည့် အပင်မျိုးသစ် စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ သဘောထားမှတ်ချက်အပေါ်စိစစ်သုံးသပ်၍ ကိုက်ညီမှုရှိပါက အသိအမှတ်ပြုလက်မှတ်ကို ထုတ်ပေးရမည်။ | အဓိပ္ပာယ်ပြည့်စုံရန် ဖြည့်စွက်ခြင်းဖြစ်ပါသည်။ |
| ၉။ | | ဗဟိုကော်မတီသည် ဤဥပဒေအရ တရားစွဲဆိုရာတွင် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ စစ်ဆေးတွေ့ရှိချက်အပေါ် မူတည်၍ ခွင့်ပြုချက်ပေးနိုင်သည်။ | | | | ပြစ်မှုပြစ်ဒဏ်များနှင့်ပတ်သက်ဆက်နွယ်နေသောကြောင့် ပုဒ်မ(၄၁)သို့ရွှေ့ထားပါသည်။ |
| | | **အခန်း(၅)**<br>**အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန်**<br>**သတ်မှတ်ချက်များ** | | | **အခန်း(၅)**<br>**အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန်**<br>**သတ်မှတ်ချက်များ** | |
| | | | ၇။ | | အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးအတွက် အပင်မျိုးသစ်အဖြစ် ကာကွယ်ခွင့်ရရှိရန်လျှောက်ထားလာသည့် အပင်မျိုးသည် အောက်ပါ အရည်အသွေးများနှင့်ပြည့်စုံရမည်-<br>(က) အသစ်ဖြစ်ခြင်း၊ | အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရာတွင် အဓိကအချက်များဖြစ်သောကြောင့်ဖြည့်စွက်ခြင်းဖြစ်ပါသည်။ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | (ခ) ထူးခြားမှုရှိခြင်း၊<br>(ဂ) ညီညာမှုရှိခြင်း၊<br>(ဃ) တည်ငြိမ်မှုရှိခြင်း၊<br>(င) ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်ပေးခြင်း။ | |
| ၁၀။ | | အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသောအပင်မျိုးသည် အသိအမှတ်ပြု လက်မှတ် ရရှိရန် လျှောက်ထားလာသည့်အချိန်တွင်- | ၈။ | | အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးကို အပင်မျိုးသစ်ဟု မှတ်ယူရန်အတွက်- | |
| | (က) | အဆိုပါမျိုး၏မျိုးစေ့များ သို့မဟုတ် အခြားမျိုးပွားနိုင်သည့် အပင်အစိတ်အပိုင်းများအား မြန်မာနိုင်ငံအတွင်းတွင် (၁)နှစ်ထက် စော၍သော်လည်းကောင်း၊ အခြားပြည်ပနိုင်ငံများတွင် (၄) နှစ်ထက်စော၍ သော်လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်များ ဖြစ်ပါက (၆) နှစ်ထက်စော၍ သော်လည်းကောင်း စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်း၊ အခြားအသုံးပြုမှုများအတွက် ရောင်းချခြင်း မရှိစေရ။ | | (က) | အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး လျှောက်ထားလာသည့်အချိန်၌ အပင်မျိုးမွေးမြူသူကိုယ်တိုင် သို့မဟုတ် ၎င်း၏ ခွင့်ပြုချက်ဖြင့် အဆိုပါအပင်မျိုး၏မျိုးပွားနိုင်သည့် သို့မဟုတ် ရိတ်သိမ်းထားသည့် အပင်အစိတ်အပိုင်းများအား ပြည်တွင်း၌ တစ်နှစ်ထက်စော၍ လည်းကောင်း၊ ပြည်ပနိုင်ငံများတွင် လေးနှစ်ထက်စော၍ လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်များဖြစ်ပါက ပြည်တွင်း၌ ဖြစ်စေ၊ ပြည်ပ၌ ဖြစ်စေ ခြောက်နှစ်ထက်စော၍ လည်းကောင်းစီးပွားရေးအလို့ငှာ စိုက်ပျိုးထုတ်လုပ်ခြင်း၊အခြား အသုံးပြုမှုများအတွက် ရောင်းချထားခြင်း မရှိစေရ။ | အကြောင်းအရာသည် မူလအတိုင်းဖြစ်သော်လည်းအရေးအသားပြည့်စုံရန်ဖြည့်စွက်ဖော်ပြထားပါသည်။ 'မြန်မာနိုင်ငံတွင်' ဆိုသည့်စကားရပ်အစား 'ပြည်တွင်း၌' ဟူသည့်စကားရပ်ဟုပြင်ဆင်ထားပါသည်။ |
| | (ခ) | အဆိုပါ မျိုး၏ ထွက်ကုန်များကို အသုံးပြု၍ ထပ်ဆင့် ထုတ်ကုန်များအတွက် ခွင့်ပြုထားမှု မရှိစေရ။ | | (ခ) | လျှောက်ထားလာသည့် အပင်မျိုးစုနှင့် မျိုးစိတ်များသည် ယခင်လျှောက်ထားခဲ့ခြင်းမရှိပါက ပြည်တွင်း၌ လေးနှစ်ထက်စော၍လည်းကောင်း၊ နှစ်ရှည်ပင် နှင့် နွယ်ပင်ဖြစ်ပါက ခြောက်နှစ်ထက်စော၍ လည်းကောင်းစီးပွါးရေး အလို့ငှာဖြန့်ဖြူးရောင်းချထားသော်လည်း ယင်းအပင်မျိုးစုနှင့် မျိုးစိတ်များကို အပင်မျိုးသစ်အဖြစ်မှတ်ယူနိုင်သည်။ | မြန်မာနိုင်ငံ၌အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကိုပြဋ္ဌာန်းကျင့်သုံးသည်မှာအခြားဖွံ့ဖြိုးပြီးနိုင်ငံများနှင့်စာလျှင်များစွာနောက်ကျသဖြင့်ယခုအပိုဒ်ကို |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | အများပြည်သူအကျိုးအတွက်ဖြည့်စွက်ပေးခြင်းဖြစ်ပါသည်။ |
| | | | | (ဂ) | ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးအတွက် လျှောက်ထားလိုသည့် အပင်မျိုးသစ်ကို ဤဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်အတွင်း လျှောက်ထားရမည်။ | ပုဒ်မခွဲ(ခ)ကိုပြဋ္ဌာန်းရာတွင်လည်းကန့်သတ်ချက်နှင့်ပြဋ္ဌာန်းမည်ဖြစ်သောကြောင့်ဖြည့်စွက်ရခြင်းဖြစ်ပါသည်။ |
| ၁၁။ | | အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် အများလက်ခံသိရှိထားသည့် အခြားမည်သည့် အပင်မျိုးနှင့်မဆို သိသာစွာ ကွဲပြားခြားနားသည့် ထူးခြားသော လက္ခဏာရှိရမည်။ | ၉။ | | အပင်မျိုးသစ်အဖြစ် လျှောက်ထားသော အပင်မျိုးသည် ကာကွယ်ခွင့်ရရှိရန် လျှောက်ထားသည့် အချိန်တွင် အများလက်ခံသိရှိထားသည့် အခြားမည်သည့် အပင်မျိုးနှင့်မဆို သိသာစွာ ကွဲပြားခြားနားသည့် ထူးခြားသော လက္ခဏာ ရှိရမည်။<br>ရှင်းလင်းချက် ။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးလျှောက်ထားချိန် သို့မဟုတ် မှတ်ပုံတင်ခွင့်လျှောက်ထားချိန်တွင်ပြည်တွင်း၌ အများလက်ခံသိရှိထားသည့် အခြားအပင်မျိုးများထက် ထူးခြားသော လက္ခဏာပါရှိသည့် အပင်မျိုးများနှင့်စပ်လျဉ်း၍ လျှောက်ထားခြင်းကိုသာ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကို ခွင့်ပြုခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းတို့ကို ဆိုလိုသည်။ | အဓိပ္ပါယ်ပြည့်စုံရန်နှင့် ဥပဒေ၏ဆိုလိုရင်းပိုမိုပေါ်လွင်စေရန်ဖြည့်စွက်ခြင်း ဖြစ်ပါသည်။<br>‘ဆောင်ရွက်ရမည်’ ဆိုသည့်စကားရပ်အစား ဥပဒေဆိုလိုရင်းကိုရရှိစေရန် ‘ဆိုလိုသည်’ ဟူသည့်စကားရပ်ဖြင့်အစားထိုးပြင်ဆင်ထားပါသည်။ |
| ၁၂။ | | အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် စိုက်ပျိုးထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ကြောင့် ဖြစ်ပေါ်နိုင်သည့် ကွဲလွဲချက်များမှအပ ကျန်ထူးခြားသည့် လက္ခဏာများကို ညီညာစွာ | ၁၀။ | | အပင်မျိုးသစ်အဖြစ် လျှောက်ထားသော အပင်မျိုးသည် ၎င်း၏မျိုးပွားဖြစ်စဉ်ကြောင့် အချို့သော လက္ခဏာများ ကွဲလွဲနိုင်သော်လည်း အဆိုပါအပင်မျိုး၏မူရင်း လက္ခဏာများသည် ညီညာမှုရှိရမည်။ | အဓိပ္ပာယ်ပြည့်စုံရန်ဖြည့်စွက်ခြင်းဖြစ်ပါသည် ။ |

| | | | | | | |
|---|---|---|---|---|---|---|
| | | ဖော်ပြနိုင်ရမည်။ | | | | |
| ၁၃။ | | အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် သားဆက်အဆင့်ဆင့် မျိုးပွားရာတွင် ယင်း၏ ထူးခြားသော သွင်ပြင်လက္ခဏာများကို တည်ငြိမ်စွာ ဖော်ပြနိုင်ရမည်။ | ၁၁။ | | အပင်မျိုးသစ်အဖြစ် လျှောက်ထားသော အပင်မျိုးသည် သားဆက်အဆင့်ဆင့်မျိုးပွားရာတွင် သို့မဟုတ် အထူးသဖြင့်မျိုးပွား စက်ဝန်းတစ်လျှောက်နှင့် စက်ဝန်းအသီးသီး၏ အဆုံးတွင် ယင်းအပင်မျိုးကို ကိုယ်စားပြုသည့်လက္ခဏာများ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်စွာ ဖော်ပြရမည်။ | အဓိပ္ပာယ်ပြည့်စုံရန် ဖြည့်စွက်ခြင်းဖြစ်ပါသည်။ |
| ၁၄။ | | အပင်မျိုးသစ်ကို အမည်ပေးရာတွင် နည်းဥပဒေ ပါပြဋ္ဌာန်းချက်များနှင့်အညီ အမည်ပေးရမည်။ | ၁၂။ | (က) | အပင်မျိုးသစ်ကိုအမည်ပေးရာတွင်-<br>(၁)ယင်းအပင်မျိုးသစ်၏ အမည်နှင့်သက်ဆိုင်ရာ မျိုးစု၊ မျိုးစိတ်၏ သိပ္ပံအမည်ကို ထည့်သွင်း ဖေါ်ပြရမည်။<br>(၂)အဆိုပါအပင်မျိုး၏ ကိုယ်ပိုင်လက္ခဏာများ၊ အရည်အသွေးများ သို့မဟုတ် အပင်မျိုးမွေးမြူသူမှ ဖန်တီးထားသည့်လက္ခဏာများကိုအသိအမြင်လွဲမှားစေခြင်းနှင့်ရှုပ်ထွေးမှုဖြစ်စေသောအမည်မျိုးမပေးရ။ အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ်အကာအကွယ်ပေးရေးအဖွဲ့ဝင်နိုင်ငံများနှင့်အဖွဲ့အစည်းများ၏ နယ်နမိတ် အတွင်းရှိ မျိုးစိတ်တူ သို့မဟုတ် နီးစပ်သော မျိုးစိတ်များ၏ ရှိပြီးမျိုးအမည်များနှင့် ကွဲပြားခြားနားစွာ ပေးရမည်။<br>(၃)ယခင်သတ်မှတ်လိုက်နာကျင့်သုံးခြင်းမှလွဲ၍ ကိန်းဂဏန်းတစ်မျိုးတည်းသာဖေါ်ပြထားသည့် အမည်ပေးခြင်းမပြုရ။<br>(၄) ပုဒ်မခွဲငယ်(၆)ပါ သတ်မှတ်ချက်များအရ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ကုန်ဆုံးပြီးသော်လည်း လွတ်လပ်စွာအသုံးပြုနေသည့် အပင်မျိုး၏အမည်ကို အဟန့်အတားဖြစ်စေသည့် အမည်ပေးခြင်းမပြုရ။ | ပြင်ဆင်ဖြည့်စွက်သည့် ပုဒ်မ(၁၂)ပါအကြောင်းအရာများသည် ယခင်ဥပဒေ ပုဒ်မ(၁၄)အတိုင်း နည်းဥပဒေတွင် ဖော်ပြရမည့်အစား (Mother Law)တွင် တိကျစွာ ဖော်ပြမှသာဥပဒေ၏ အဓိပ္ပာယ်ပိုမိုလေးနက်မည်ဖြစ်သောကြောင့်ရေးထုံးနှင့် ပုဒ်မခွဲသင့်သည်များပြုစုပြင်ဆင်၍ ဖြည့်စွက်ဖော်ပြထားခြင်းဖြစ်ပါသည်။<br><br>‘မျိုးမပေးရ’အစား ‘ခြင်းမပြုရ’ဟုပြင်ဆင်ထား ပါသည်။ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | (၅) အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ်အကာအကွယ်ပေးရေး အဖွဲ့ဝင်နိုင်ငံများ အားလုံးတွင် တူညီသော အမည်ပေးခြင်းမျိုး ဖြစ်ရမည်။<br>(၆)နောက်ကျလျှောက်ထားသူ၏ ဦးစားပေးအခွင့်အရေးအပေါ် အကျိုးသက်ရောက်မှု မရှိစေရ။ တတိယလူ၏ ဦးစားပေးအခွင့်အရေးကြောင့် အပင်မျိုးသစ်၏ အမည် အသုံးပြုခြင်း အတွက် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ခွဲငယ် (၃) ပြဋ္ဌာန်းချက်များပါ ပုဂ္ဂိုလ်တစ်ဦး တစ် ယောက်ကို တားမြစ်ပိတ်ပင်ခြင်း ခံရလျှင် ဗဟို ကော် မတီသည် အပင်မျိုးမွေးမြူသူကို အဆိုပါ အပင်မျိုးအတွက် အခြားအမည် တင်ပြစေရမည်။ | 'တတိယလူ'အစား 'နောက်ကျလျှောက်ထားသူ'ဟုပြင်ဆင်ထားပါသည်။ |
| | | | | (ခ) | ကာကွယ်ခွင့်ရရှိထားသောအပင်မျိုးသစ်၏မှတ်ပုံတင်ထားသည့်အမည်ကို ယင်းအပင်မျိုးသစ်အား ရောင်းချခြင်းသို့မဟုတ်ဈေးကွက်တင်ပို့ခြင်းပြုလုပ်သည့်အခါ ကုန်သွယ်မှု အမှတ်တံဆိပ်အဖြစ်လည်းကောင်း၊ ကုန်သွယ်မှုအမည်အဖြစ်လည်းကောင်း၊ အလားတူကိစ္စရပ်များတွင်လည်းကောင်းသုံးစွဲခွင့် ရရှိနိုင်သော်လည်း အလွယ်တကူမှတ်မိ နိုင်သည့်အမည် ပေးခြင်းဖြစ်ရမည်။ | ။ |
| | | | ၁၃။ | (က) | အပင်မျိုးသစ်ကို အမည်ပေးခြင်းနှင့် စပ်လျဉ်း၍-<br>(၁) ပုဒ်မ ၁၂ ပုဒ်မခွဲ(က) နှင့်ကိုက်ညီမှုမရှိသောကြောင့် ဗဟိုကော်မတီမှ ငြင်းပယ်လျှင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးလျှောက်ထားသူကအမည်အသစ်တစ်ခုကို သတ်မှတ်ကာလအတွင်း တင်ပြစေရမည်။<br>(၂) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး | ။ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | ပေးအပ်လျှင် ယင်းအပင်မျိုးသစ်၏ အမည်ကို ဗဟိုကော်မတီ၏ မှတ်ပုံစာရင်းတွင်ရေးသွင်းရမည်။<br>(၃) မြန်မာနိုင်ငံအတွင်း ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းကို ရောင်းချသူ သို့မဟုတ် ဈေးကွက်တင်ပို့ခြင်း ဆောင်ရွက်သူ မည်သူမဆို အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကုန်ဆုံးပြီးသည့်တိုင်အောင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)ပုဒ်မခွဲငယ်(၆)ပြဋ္ဌာန်းချက်ပါဦးစားပေး အခွင့်အရေးဖြင့် တားမြစ်ခြင်းခံရသည်မှလွဲ၍ ၎င်းအပင်မျိုးသစ်၏ အမည်အား ဆက်လက် အသုံးပြုရမည်။ | |
| | | | | (ခ) | ဗဟိုကော်မတီသည် အပင်မျိုးအမည်နှင့် စပ်လျဉ်း၍ လျှောက်ထားလာခြင်း၊မှတ်ပုံတင်ခြင်း၊ ဖျက်သိမ်းခြင်းများကိုအပြည်ပြည်ဆိုင်ရာအပင်မျိုးသစ်အကာအကွယ်ပေးရေးအဖွဲ့ဝင်နိုင်ငံများ၏ တာဝန်ရှိသူများထံအသိပေးရမည်။ အဆိုပါအဖွဲ့ဝင်များ၏ မျိုးအမည် မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် လေ့လာတွေ့ရှိချက် များကိုလည်းဗဟိုကော်မတီအနေဖြင့်တောင်းခံရယူနိုင်သည်။ | ။ |
| | | **အခန်း(၆)**<br>**အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေးလျှောက်ထားခြင်း** | | | **အခန်း(၆)**<br>**အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးလျှောက်ထားခြင်း** | |
| ၁၅။ | | အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေးကိုအောက်ပါပုဂ္ဂိုလ်များအားလုံး လျှောက်ထားနိုင် သည်- | ၁၄။ | | အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးကို အောက်ပါ ပုဂ္ဂိုလ်များ လျှောက်ထားနိုင်သည်- | |
| | (က) | အပင်မျိုးသစ်မွေးမြူသူနိုင်ငံသားများ၊ | | (က) | နိုင်ငံသားများ၊ | အရေးအသားပြင်ဆင်ထားပါသည်။ |
| | (ခ) | အပင်မျိုးသစ်မွေးမြူသူ မြန်မာနိုင်ငံနယ်နိမိတ် | | (ခ) | တည်ဆဲဥပဒေအရ မြန်မာနိုင်ငံအတွင်း အမြဲနေထိုင် | အဓိပ္ပာယ်ပြည့်စုံရန် |

| | | | | | | |
|---|---|---|---|---|---|---|
| | | အတွင်း အမြဲနေထိုင်ခွင့်ရရှိထားသော နိုင်ငံခြားသားများနှင့် ၎င်းတို့၏ အဖွဲ့အစည်းများ၊ | | | ခွင့်ရရှိထားသော နိုင်ငံခြားသားများနှင့် ယင်းတို့၏ အဖွဲ့အစည်းများ၊ | အရေးအသားဖြည့်စွက်ထားပါသည်။ |
| | (ဂ) | အပင်မျိုးသစ်ကာကွယ်ရေးအတွက် သဘောတူညီမှု ရရှိထားသော နိုင်ငံခြားတိုင်းပြည်များမှ အပင်မျိုးသစ်မွေးမြူသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများအားလုံး။ | | (ဂ) | အပင်မျိုးသစ်အကာအကွယ်ပေးရေးအတွက် မြန်မာနိုင်ငံနှင့် သဘောတူညီမှုရရှိထားသော နိုင်ငံခြားတိုင်းပြည်များမှ ယင်းတို့၏ နိုင်ငံသားများ၊ အဆိုပါနိုင်ငံများတွင် တရားဝင်နေထိုင်ခွင့်ရရှိထားသော နိုင်ငံ ခြားသားများနှင့် အဖွဲ့အစည်းများ။ | အဓိပ္ပာယ်ပြည့်စုံရန် အရေးအသားဖြည့်စွက်ထားပါသည်။ |
| ၁၆။ | | အပင်မျိုးမွေးမြူသူ၏ အပင်မျိုးသစ်သည် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများကို ထိခိုက်ခြင်း မရှိမှသာလျှင် ယင်းအပင်မျိုးမွေးမြူသူအား ရပိုင်ခွင့် အခွင့်အရေးကို လျှောက်ထားခွင့် ရှိစေရမည်။ | ၁၅။ | | ပုဒ်မ ၁၄ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ပါပုဂ္ဂိုလ်များသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီပါက အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကို နိုင်ငံသားများနှင့် တန်းတူ ခံစားခွင့်ရှိသည်။ | အရေးအသားကျစ်လစ်၍အဓိပ္ပာယ် ပေါ်လွင်ရန်ရေးသားသင့်သည်ဟုအကြံပြုချက်နှင့်အညီပြင်ဆင်ထားပါသည်။ |
| ၁၇။ | | အပင်မျိုးသစ် ကာကွယ်သည့်အခွင့်အရေး လျှောက်ထားသူသည် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဗဟိုကော်မတီသို့ လျှောက်ထားရမည်။ | ၁၆။ | | အပင်မျိုးမွေးမြူသူသည် အပင်မျိုးစုနှင့် မျိုးစိတ်များအားလုံးအတွက် အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးကိုဤဥပဒေနှင့်အညီ လျှောက်ထားနိုင်သည်။ | နည်းဥပဒေတွင် အပင်မျိုးစုနှင့်မျိုးစိတ်များ သတ်မှတ်ဖော်ပြမည့် အစားအားလုံးကိုခွင့်ပြု ပေးသင့်သည်ဆိုသော အကြံပြုချက်နှင့်အညီပြင်ဆင်ထားပါသည်။ |
| | | | ၁၇။ | | အပင်မျိုးသစ်ကာကွယ်ခွင့်အခွင့်အရေးလျှောက်ထားလိုသူသည် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီသို့ လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါ အခွင့်အရေးရရှိရန် လျှောက်ထားသည့်နေ့စွဲသည် ဤဥပဒေအရ လျှောက်လွှာကို လက်ခံရရှိသည့်နေ့စွဲ ဖြစ်ရမည်။ | လျှောက်လွှာစဉ်အရ အငြင်းပွားမှုများမဖြစ်ပေါ်စေရန်ရည်ရွယ်၍ ဖြည့်စွက်ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။ |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၈။ | | ဗဟိုကော်မတီသည် အပင်မျိုးသစ်အတွက် ကာကွယ်ခွင့် လျှောက်ထားလာသော အပင်မျိုးသစ်ကို စိုက်ပျိုးစစ်ဆေးရန် သက်ဆိုင်ရာ အစိုးရဌာနများမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်သော အပင်မျိုးသစ် စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ရမည်။ | ၁၈။ | (က) | အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးပေးအပ်ခြင်းဆိုင်ရာ မည်သည့် ဆုံးဖြတ်ချက်ကိုမဆို ချမှတ်ပေးရန်အတွက် ပုဒ်မ ၈ မှ ၁၂ အထိ ပြဋ္ဌာန်းထားသည့် အပင်မျိုးသစ်၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးရန်အတွက် ဗဟိုကော်မတီသည် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားသည့် အစိုးရဌာနများမှ ပညာရှင်များ အပါအဝင် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာနည်းပညာကော်မတီ၊ သီးခြားအဖွဲ့အစည်းများ ၊ ကျွမ်းကျင်ပညာရှင်များအား တာဝန်ပေးနိုင်သည်။ | အဓိပ္ပာယ်ပြည့်စုံရန် ဖြည့်စွက်ပြင်ဆင်ရေးသားထားခြင်း ဖြစ်ပါသည်။ ‘ပါဝင်သော’ အစား “အပါအဝင်’ဟုပြင်ဆင်ထားပါသည်။ |
| | | | | (ခ) | ပုဒ်မခွဲ(က)အရ တာဝန်ပေးအပ်ခြင်းခံရသည့် နည်းပညာကော်မတီ၊ သီးခြားအဖွဲ့အစည်း၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များသည်အပင်မျိုးသစ်ကိုစစ်ဆေးရာတွင်သတ်မှတ်ဒေသများ၌စိုက်ပျိုး၍ စစ်ဆေးခြင်း၊ အခြားလိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊ ယခင်ဆောင်ရွက်ပြီးဖြစ်သော စမ်းသပ်ချက်များ သို့မဟုတ် စမ်းသပ်ကွက်များ၏ အဖြေမှတ်တမ်းများကို အသုံးပြုနိုင်သည်။ | အဓိပ္ပာယ်ပြည့်စုံရန် ဖြည့်စွက်ပြဋ္ဌာန်းခြင်းဖြစ်ပါ သည်။ ‘သီးခြား’ဆိုသည့် စကားရပ်ဖြည့်ပြီး ‘သို့မဟုတ်’ကိုဖြုတ်ထားခြင်းဖြစ်ပါသည်။ |
| | | | | (ဂ) | ပုဒ်မခွဲ(က)အရ တာဝန်ပေးအပ်ခြင်းခံရသည့် နည်းပညာကော်မတီသည် စစ်ဆေးတွေ့ ရှိချက် အစီ ရင်ခံစာကို ဗဟိုကော်မတီသို့ ပြန်လည်တင်ပြရာတွင် မိတ္တူတစ်စောင်ကို အပင်မျိုးမွေးမြူသူထံသို့ ပေးပို့ရမည်။ | အဓိပ္ပာယ်ပြည့်စုံရန် ဖြည့်စွက်ပြဋ္ဌာန်းခြင်းဖြစ်ပါ သည်။ “ဗဟိုကော်မတီသို့’ဟူသည့်စကားရပ်ကို သဒ္ဒါအထားအသိုမှန်ရန်နေရာရွှေ့ ပြင်ဆင် |
| ၁၉။ | | အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာ | ၁၉။ | | ဗဟိုကော်မတီသည် ကာကွယ်ခွင့်လျှောက်ထားသည့် | အဓိပ္ပာယ်ပြည့်စုံရန် |

| | | | | | | |
|---|---|---|---|---|---|---|
| | | ကော်မတီသည် ဤဥပဒေပါ ပုဒ်မ ၁၀ မှ ၁၄ အထိ ပြဋ္ဌာန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ မရှိ စစ်ဆေး၍ ဗဟိုကော်မတီသို့ တင်ပြရမည်။ | | | အပင်မျိုးသစ်ကို စမ်းသပ်စစ်ဆေးရန်အတွက် လိုအပ်သော သတင်းအချက်အလက်များ၊ မှတ်တမ်းစာရွက်စာတမ်းများနှင့် မျိုးနမူနာများကို ဝန်ကြီးဌာနက ထုတ်ပြန်ထားသော နည်းဥပဒေများ၊----- စည်းမျဉ်းစည်းကမ်းများနှင့်အညီ အပင်မျိုးမွေးမြူသူထံမှ တောင်းခံနိုင်သည်။ | ဖြည့်စွက်ပြဋ္ဌာန်းခြင်းဖြစ်ပါသည်။ ‘မှ’ နှင့် ‘က’ သဒ္ဒါအထားအသိုမှန်ရန်ပြင်ဆင်ထားပါသည်။ |
| ၂၀။ | | အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေး လျှောက်ထားသူသည် အပင်မျိုးသစ်တစ်မျိုးတည်းကို အပင်မျိုးသစ်ကာကွယ်ခြင်းဆိုင်ရာ သဘောတူညီမှုရရှိထားသော နိုင်ငံခြားတိုင်းပြည်၌ ကာကွယ်ခွင့်လျှောက်ထားခဲ့ပြီး မြန်မာနိုင်ငံတွင်ထပ်မံ လျှောက်ထားလာပါက နည်းဥပဒေပါ ပြဋ္ဌာန်းထားသော ဦးစားပေး အခွင့်အရေးများ ခံစားခွင့် ရရှိစေရမည်။ | ၂၀။ | | အပင်မျိုးသစ်အတွက် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး လျှောက်ထားသူသည် - | နည်းဥပဒေတွင်ဖော်ပြရမည်အစား (Mother Law)တွင်တိကျစွာဖော်ပြမှသာဥပဒေ၏ အဓိပ္ပာယ်ပိုမိုလေး နက်မည်ဖြစ်သောကြောင့် ရေးထုံးနှင့် ပုဒ်မခွဲသင့်သည်များပြုစုပြင်ဆင်၍ ဖြည့်စွက်ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ |
| | | | | (က) | နိုင်ငံတော်နှင့် အပင်မျိုးသစ်ကာကွယ်ခွင့်ဆိုင်ရာ သဘောတူညီမှုရရှိထားသော နိုင်ငံခြားတိုင်းပြည် သို့မဟုတ် ဒေသဆိုင်ရာအစိုးရများဖြင့်ဖွဲ့စည်းထားသော အဖွဲ့အစည်း (intergovernmental organization) တစ်ခုခုတွင် ယင်း အပင်မျိုးသစ်တစ်မျိုးတည်းကို ပထမအကြိမ် လျှောက်ထားခဲ့ပြီး မြန်မာနိုင်ငံ၌ ကာကွယ်ခွင့်ရယူ နိုင်ရန်အတွက် ထပ်မံလျှောက်ထားလာပါက ပထမအကြိမ် မှတ်ပုံတင် လျှောက်ထားခဲ့သည့်နေ့၏ နောက်တစ်ရက်မှစတင်၍ ၁၂လအတွင်း ဦးစားပေး အခွင့်အရေးအဖြစ် လျှောက်ထားခွင့်ရှိ | အဓိပ္ပါယ်ပိုမိုပြည့်စုံရန်အတွက် ‘ဒေသဆိုင်ရာ’ ဆိုသည့်စကားရပ်ကို ဖြည့်စွက်ခြင်းနှင့် အရေးအသားကျစ်လစ်စေရန်အတွက် စာအပိုဒ်တစ်ကြောင်းဖြုတ်၍ ‘နောက်တစ်ရက်မှစတင်၍’ ဟုပြင်ဆင်ထားပါသည်။ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | သည်။ | |
| | | | | (ခ) | ပုဒ်မခွဲ(က)အရ ဦးစားပေးအခွင့်အရေး လျှောက်ထားရာတွင် ပထမအကြိမ် လျှောက်ထားခဲ့သည့် အဖွဲ့အစည်းထံမှ မိတ္တူမှန်ကန်ကြောင်း ထောက်ခံချက်ပါရှိသည့် စာရွက်စာတမ်းများ၊ မျိုးနမူနာများအပြင် လိုအပ်ပါက အခြားအထောက်အထားများကို လျှောက်ထားသည့်နေ့မှ သုံးလအတွင်း ပေးပို့တင်ပြရမည်။ | စာသားအရေးအသားမှန်ကန်ကျစ်လစ်စေရန် ပြင်ဆင်ထားပါသည်။ |
| | | | | (ဂ) | ပထမအကြိမ် လျှောက်ထားခြင်းကို ငြင်းပယ်ခြင်းသို့မဟုတ် ရုတ်သိမ်းခြင်းခံရလျှင် စစ်ဆေးရန် ဗဟိုကော်မတီသို့ပေးပို့ထားသည့် အပင်မျိုးသစ်နှင့် သက်ဆိုင်သော မျိုးနမူနာ၊ မှတ်တမ်းမှတ်ရာများနှင့် သတင်း အချက် အလက်များကို နှစ်နှစ်အတွင်း ပြန်လည် တောင်းခံခြင်းမပြုရ။ | |
| | | | ၂၁။ | | ပုဒ်မ ၂၀ ပုဒ်မခွဲ (က)ပါ ဦးစားပေး အခွင့်အရေးကာလအတွင်း အခြားနိုင်ငံအဖွဲ့အစည်းများသို့ ပထမအကြိမ် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ပြည်သူများအား အသိပေးခြင်း၊ အဆိုပါ မျိုးကို စစ်ဆေးရန် အသုံးပြုခြင်းတို့သည် ထပ်မံလျှောက်ထားခြင်းကို ငြင်းပယ်သည့်အခြေခံ အကြောင်းတရားများ မဖြစ်စေရ၊ အဆိုပါ အကြောင်းအရာများသည် မည့်သည့် နောက်ကျလျှောက်ထားသူ၏ ရပိုင်ခွင့်အခွင့်အရေးကို အားပေးစေခြင်းမျိုး မဖြစ်စေရ။ | ပုဒ်မနံပါတ်စတင်ပြောင်းလဲရေးသားထားပါသည်။“တတိယအဖွဲ့အစည်း”ဟူသည့် စကားရပ်အစား “နောက်ကျလျှောက်ထားသူ”ဟုပြင်ဆင်ထားပါသည်။ |
| ၂၁။ | | ဗဟိုကော်မတီသည် အောက်ပါ အခြေအနေများတွင် အပင်မျိုးသစ်အတွက် ယာယီကာကွယ်ပိုင် | ၂၂။ | (က) | အပင်မျိုးမွေးမြူသူ၏ အပင်မျိုးသစ်အဖြစ် ကာကွယ်ခွင့် လျှောက်ထားကြောင်းကို ဗဟိုကော်မတီက အများ | ရေးထုံးပြင်၍ အဓိပ္ပာယ်ပြည့်စုံစေ |

| | | | | | | |
|---|---|---|---|---|---|---|
| | (က) | ခွင့် ပေးအပ်ခြင်းနှင့် ရုပ်သိမ်းခြင်းတို့ကို ထုတ်ပြန်ပေးရမည် -<br>အပင်မျိုးသစ်ကို ကာကွယ်သည့်အခွင့်အရေး လျှောက်ထားခြင်းကိုအတည်ပြုပြီးနောက် စမ်းသပ်စစ်ဆေးစဉ် ကာလအတွင်း ယင်းမျိုးသစ်ကို စီးပွားဖြစ် အသုံးချနိုင်ရန်အလို့ငှာ ယာယီကာကွယ်နိုင်သည့် အခွင့်အရေးကို ခံစားခွင့်ပေးအပ်ခြင်း၊ | | | ပြည်သူ သိရှိရန် ထုတ်ပြန် ကြေညာသည့်နေ့နှင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ပေးအပ်သည့်ကာလအတွင်း အပင်မျိုးမွေးမြူသူသည် ယာယီကာကွယ်ခွင့်ရရှိစေရမည်။ | ရန်အသေးစိတ်ပြဋ္ဌာန်းရခြင်းဖြစ်ပါသည်။ “ဗဟိုကော်မတီက” ဟူသည့်စကားရပ်ကိုပုဒ်အထားအသိုရွှေ့၍ ဥပဒေ၏ဆိုလိုရင်းရရှိစေရန်ပြင်ဆင်ထားပါသည်။ |
| | (ခ) | ယာယီကာကွယ်ခွင့်ကာလအတွင်း ကာကွယ်ခွင့် လျှောက်ထားခြင်းမှာ ခိုင်လုံမှု မရှိခြင်းနှင့် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏စိစစ် တင်ပြချက်အရ ကာကွယ်ခွင့် လျှောက်ထားခြင်းကို ငြင်းပယ်ခြင်းခံရပါက ယာယီ ကာကွယ်ခွင့်အား ရုပ်သိမ်းခြင်း၊ | | (ခ) | ယာယီကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်ကို အခြား တစ်ဦးတစ်ယောက်က ပုဒ်မ ၂၃၊၂၄၊၂၅နှင့် ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်ပုဒ်မ ၂၇တွင် ဖော်ပြထားသည့်မျိုးများထုတ်လုပ်ပြီး ကာကွယ်ခွင့် ထပ်မံလျှောက်ထားခြင်းများဆောင်ရွက်မည်ဆိုပါက ယင်း အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်ကို ရယူရမည်။ အပင်မျိုးမွေးမြူသူသည်ယာယီကာကွယ်ခွင့် ကာလအတွင်း အဆိုပါအပင်မျိုးသစ်နှင့် စပ်လျဉ်း၍ လိုင်စင်သဘောတူညီမှုများဆောင်ရွက်ခြင်းနှင့် ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်းများကို အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးအား ခွင့်ပြုသောအခါ ရရှိသကဲ့သို့ ဆောင်ရွက်နိုင်သည်။ ယာယီကာကွယ်ခွင့် ရရှိထားသူသည် အပင်မျိုး မွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး မရရှိခဲ့ပါက အထက်ဖော်ပြပါ ရပိုင်ခွင့်များကို ဆက်လက်ခံစားခွင့် မရှိစေရ။ | ရေးထုံးပြင်၍ အဓိပ္ပာယ်ပြည့်စုံစေရန် အသေးစိတ်ပြဋ္ဌာန်းခြင်းဖြစ်ပါသည်။လိုင်စင်သဘောတူညီမှုကိုဖြုတ် လျှင်လုပ်ငန်း သဘောအရအဓိပ္ပာယ်ပြည့်စုံရန်အနည်းငယ်လိုအပ်မည်ဖြစ်သောကြောင့် မဖြုတ်သင့်ပါ။ |
| ၂၂။ | | ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) အရ ယာယီကာကွယ်ခွင့်ကို ခံစားခွင့် ရရှိသူသည် ယင်းကာလအတွင်း ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ)ပါ အကြောင်းတစ်စုံတစ်ရာကြောင့် ယာယီ ကာကွယ်ခွင့်အား ရုပ်သိမ်းခံရပြီး ယင်း | | | | ရေးထုံးပြင်၍ပုဒ်မ (၂၁) တွင်ဖော်ပြထားသောကြောင့်ဖြုတ်ရခြင်းဖြစ်ပါ သည်။ |

| | | | | | | |
|---|---|---|---|---|---|---|
| | | အခြေအနေများသည် အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား နစ်နာမှု တစ်စုံတစ်ရာရှိခဲ့ပါက ယင်းထိခိုက်နစ်နာမှုအတွက် လျော်ကြေးပေးဆောင်စေရမည်။ | | | | |
| | | **အခန်း(၇)**<br>**အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်ခွင့်အရေးနှင့်ရပိုင်ခွင့်ကို ကာကွယ်နိုင်သည့် အခြေအနေများ** | | | **အခန်း(၇)**<br>**အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး** | ခေါင်းစဉ်တွင်အရေးအသားကျစ်လစ်စေရန် ပြင်ဆင်ထားပါ သည်။ |
| ၂၃။ | | မည်သူမဆို ပုဒ်မ ၂၈နှင့်၂၉ပြဋ္ဌာန်းချက်များပါ ကင်းလွတ်ခွင့်များမှလွဲ၍ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အောက်ဖော်ပြပါကိစ္စရပ်များအတွက် အသုံးချ ဆောင်ရွက်မည်ဆိုပါက အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်ကို ရယူရမည် - | ၂၃။ | (က) | ပုဒ်မ ၂၈ နှင့် ၂၉ ပါ ကင်းလွတ်ခွင့်များ မှ လွဲ၍ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အောက်ဖော်ပြပါ ကိစ္စရပ်များတွင် အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက် မရှိဘဲ မည်သူမျှဆောင်ရွက်ခြင်းမပြုရ- | ပုဒ်မနံပါတ်ပြောင်းသည်မှလွဲ၍ မူလအတိုင်း ဖြစ်ပါသည်။ |
| | (က) | ထုတ်လုပ်ခြင်း သို့မဟုတ် ထပ်ဆင့်မျိုးပွားခြင်း၊ | | | (၁) ထုတ်လုပ်ခြင်း သို့**မဟုတ်** ထပ်ဆင့်မျိုးပွားခြင်း၊ | |
| | (ခ) | မျိုးပွားရန်အတွက် ပြုပြင်ခြင်း၊ | | | (၂) မျိုးပွားရန်အတွက် ပြုပြင်ခြင်း၊ | |
| | (ဂ) | ရောင်းချရန်ကမ်းလှမ်းခြင်း၊ | | | (၃) ရောင်းချရန် ကမ်းလှမ်းခြင်း၊ | |
| | (ဃ) | ပြည်တွင်း၊ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခြင်း၊ | | | (၄)ရောင်းချခြင်းသို့မဟုတ်ဈေးကွက်သို့တင်ပို့ရောင်းချခြင်း၊ | အဓိပ္ပာယ် ပိုမိုပေါ် လွင်စေရန်ရေးထုံးအနည်းငယ်ပြင်ထားပါသည်။<br>အခြားဟူသည့်စကားရပ်ဖြုတ် |
| | | | | | (၅) ပြည်ပသို့တင်ပို့ရောင်းချခြင်း၊ | ။ |

| | | | | | | |
|---|---|---|---|---|---|---|
| | (င) | ပြည်ပမှ တင်သွင်းခြင်း၊ | | | (၆)ပြည်ပမှ တင်သွင်းခြင်း၊ | မူလအတိုင်းဖြစ်ပါသည်။ |
| | (စ) | ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) မှ (င) အထိ လုပ်ငန်းများ ဆောင်ရွက်ရန် သိုလှောင်သိမ်းဆည်းခြင်း။ | | | (၇)ပုဒ်မခွဲ(က)မှ(င)အထိလုပ်ငန်းများဆောင်ရွက်ရန် သို လှောင်သိမ်းဆည်းခြင်း။ | မူလအတိုင်းဖြစ်ပါသည်။ |
| ၂၄။ | | အပင်မျိုးမွေးမြူသူသည် ပုဒ်မ ၂၃ ပါ လုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုရာတွင် ၎င်း၏ရပိုင်ခွင့်များကို ဗဟိုကော်မတီနှင့် ညှိနှိုင်း၍ သတ်မှတ်ပေးနိုင်သည်။ | | (ခ) | အပင်မျိုးမွေးမြူသူသည် ပုဒ်မ ၂၃ ပါလုပ်ငန်းများကိုလုပ်ကိုင်ဆောက်ရွက်မည့်သူထံမှ ရသင့်ရထိုက်သည့်ရပိုင်ခွင့်အခွင့်အရေးများကို ၎င်းတို့ကြားထား ရှိသည့် သဘောတူညီမှုများနှင့်အညီ တောင်းဆိုနိုင်သည်။ | ဥပဒေ၏ဆိုလိုရင်းအဓိပ္ပါယ်မှန်ကန်မှုရှိစေရန်ပြင်ဆင်ရေးသားထားပါပြီး မူလရေးသားသည့် ဆိုလိုရင်းကို ပုဒ်မ ၂၉ တွင် ဖြည့်စွက် ဖော်ပြ ထားပါသည်။ |
| ၂၅။ | | ပုဒ်မ ၂၈ နှင့် ၂၉ ပြဋ္ဌာန်းချက်များပါ ကင်းလွတ်ခွင့်များမှလွဲ၍ အပင်မျိုးမွေးမြူသူသည် ၎င်း၏ခွင့်ပြုချက်မရှိပဲ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားအစိတ်အပိုင်းများကို တစ်စုံတစ်ဦးက အသုံးပြုစိုက်ပျိုးထုတ်လုပ်ရာတွင် ရပိုင်ခွင့်မရရှိခဲ့လျှင် အပင်၏ရိတ်သိမ်းနိုင်သည့် အစိတ်အပိုင်းများ သို့မဟုတ် ရိတ်သိမ်းပြီး အပင်တစ်ပင်လုံးအား ပုဒ်မ ၂၃ ပါ ကိစ္စရပ်များ လုပ်ကိုင်ခြင်းအတွက် ရပိုင်ခွင့်များကို သက်ဆိုင်သူထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။ | ၂၄။ | | ပုဒ်မ၂၇နှင့်၂၈ ပြဋ္ဌာန်းချက်များပါ ကင်းလွတ်ခွင့်များမှတပါး အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရှိဘဲ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အပင်၏အစိတ်အပိုင်းကိုဖြစ်စေ၊ အပင်တစ်ပင်လုံးကို ဖြစ်စေ တစ်ဦးတစ်ယောက် ကအသုံးပြုစိုက်ပျိုးထုတ်လုပ်ပြီး ရိတ်သိမ်းထားသည့် အပင်၏ အစိတ်အပိုင်းများ သို့မဟုတ် အပင် တစ်ပင်လုံးအား ပုဒ်မ၂၃ ပြဋ္ဌာန်းချက်ပါ လုပ်ငန်းများ လုပ်ကိုင်ခြင်းအတွက် သင့်တင့်မျှတ သော ရပိုင်ခွင့် အခွင့်အရေးများကို အဆိုပါ အသုံးပြုသူထံမှ အပင်မျိုး မွေးမြူသူက တောင်း ဆိုပိုင်ခွင့် ရှိသည်။ | ပုဒ်မနံပါတ်ပြောင်း၍ ပြင်ဆင်ထားပါသည်။ အကြောင်းအရာပြောင်းလဲခြင်းမရှိပါ။ အရေးအသားကျစ်လစ်ရန်စကားလုံးအထားအသိုအနည်းငယ်ပြင်ဆင်ထားပါသည်။ |
| ၂၆။ | | အပင်မျိုးမွေးမြူသူသည် ပုဒ်မ ၂၅ တွင် ဖော်ပြထားသော ရပိုင်ခွင့်ကို မရရှိခဲ့လျှင် ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ ထုတ်ကုန်များနှင့် | ၂၅။ | | ပုဒ်မ၂၇နှင့်၂၈ ပြဋ္ဌာန်းချက်များပါ ကင်းလွတ်ခွင့်များမှတပါး အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရှိဘဲ ကာကွယ်ခွင့်ရရှိ ထားသည့် အပင်မျိုးသစ်၏ရိတ် | ပုဒ်မနံပါတ်ပြောင်းလဲ ပြင်ဆင်ထားရုံသာမက အဓိပ္ပာယ်ပြည့်စုံစေရန် |

| | | | | | | |
|---|---|---|---|---|---|---|
| | | ပတ်သက်၍ ပုဒ်မ ၂၃ ပါ ကိစ္စရပ်များ လုပ်ကိုင်ခြင်းအတွက် ရပိုင်ခွင့်များအား သက်ဆိုင်သူထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။ | | | သိမ်းထားသည့် အစိတ်အပိုင်းများမှ တိုက်ရိုက်ထုတ်လုပ်ထားသော ထုတ်ကုန်များအပေါ် ပုဒ်မ၂၃ ပြဋ္ဌာန်းချက်ပါ လုပ်ငန်းများ လုပ်ကိုင်ခြင်း အတွက် သင့်တင့်မျှတသော ရပိုင်ခွင့် အခွင့်အရေး များကို အဆိုပါအသုံးပြုသူ ထံမှ အပင်မျိုးမွေးမြူသူ ထံမှ တောင်းဆို ပိုင်ခွင့်ရှိသည်။ | ဖြည့် စွက်ထားပါသည်။ အရေးအသားကျစ်လစ်ရန်အနည်းငယ်ပြင်ဆင်ထားပါသည်။ |
| ၂၇။ | | အပင်မျိုးသစ်အတွက် ပုဒ်မ ၂၃၊ ၂၅ နှင့် ၂၆ တို့ပါ ပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါမျိုးများ အပေါ် အကျိုးသက်ရောက်မှု ရှိစေရမည် - | ၂၆။ | | ပုဒ်မ၂၃၊၂၄နှင့်၂၅တို့ပါပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါမျိုးများအားလုံးကို သက်ရောက်မှုရှိ စေရမည်- | |
| | (က) | ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်မှ တိုက်ရိုက် ထပ်ဆင့် မွေးမြူရရှိသည့် မျိုးများ၊ | | (က) | ကနဦးမျိုး (ကာကွယ်ခွင့်ယူထားသော အပင်မျိုး သို့မဟုတ် ကာကွယ်ခွင့်ယူထားခြင်းမရှိသော အပင်မျိုး) အား သဘာဝအလျောက် မျိုးထွန်းလာသည့် အပင်များကို ရွေးချယ်ခြင်း သို့မဟုတ် မျိုးထွန်းစေရန်ဖန်တီး၍ မျိုးထွန်းလာသည့် အပင်များကို ရွေးချယ်ခြင်း သို့မဟုတ် တစ်သျှူးများပြောင်းလဲစေရန် ဖန်တီးသော(somaclonal variant) နည်းဖြင့် ရွေးချယ်ခြင်း၊ မျိုးကွဲအပင်များအား ရွေးချယ်ခြင်း၊ နောက်ပြန်မျိုးစပ်ခြင်း(backcross breeding) သို့မဟုတ် ဗီဇပြုပြင်နည်း(genetic engineering) စသည့် နည်းလမ်းများကို အခြေခံ၍ ဆင်းသက် ရရှိလာသည့် အပင်မျိုးများ(Essentially Derived Varieties) ဖြစ်သော<br>(၁)ကနဦးမျိုး၏ သို့မဟုတ် ကနဦးမျိုးမှ တဆင့်ခံ ထုတ်လုပ်ထားသော မျိုး၏ဗီဇအေစု သို့မဟုတ် ဗီဇအေစု များပေါင်းစပ် ဆင်းသက်လာခြင်းကြောင့် အဆိုပါမျိုး များ၏ အဓိက လက္ခဏာများအား ထင်ရှားသိသာစွာ | ယခင်ပြဋ္ဌာန်းပြီးဥပဒေတွင်တိုက် ရိုက်ထပ်ဆင့်မွေး မြူရရှိသည့်မျိုးများနှင့်စပ်လျဉ်း၍နည်း ဥပဒေတွင်အသေးစိတ်ဖော်ပြမည်ဖြစ်သော ရည်ရွယ်ချက်ဖြင့် (Mother Law) တွင် ပြည့်စုံစွာဖော်ပြခဲ့ခြင်း မရှိသောကြောင့်ထပ်မံ ဖြည့်စွက်ပြင်ဆင် ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။<br>အရေးအနည်းငယ် ပြောင်းလဲပြင်ဆင်ထား ပါသည်။ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | ထိန်းသိမ်းဖော်ပြထားသော အပင်မျိုး၊<br>(၂)ကနဦးမျိုးနှင့် သိသာစွာကွဲပြားခြားနားသည့်မျိုးနှင့်<br>(၃) လုပ်ဆောင်မှု မတူညီသောကြောင့် ရလဒ်ကွာခြားခြင်းမှလွဲ၍ ကနဦးမျိုး၏ ဗီဇအစု သို့မဟုတ် ဗီဇအစုများ ပေါင်းစပ်ဆင်းသက်လာခြင်းကြောင့် အဆိုပါမျိုးများ၏ အဓိကလက္ခဏာများဖော်ဆောင်ထားသဖြင့် ၎င်းကနဦးမျိုးဟု အတည်ပြုနိုင်သောမျိုး၊ | |
| | (ခ) | ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်နှင့် သိသာစွာ ကွဲပြားခြားနားခြင်း မရှိသည့်မျိုးများ၊ | | (ခ) | ကာကွယ်ခွင့်ရရှိထားသောအပင်မျိုးသစ်နှင့်သိသာစွာ ကွဲပြားခြားနားသည့်လက္ခဏာများမပါရှိသည့်မျိုးများ၊ | မူလအတိုင်းဖြစ်ပါသည်။ |
| | (ဂ) | ကာကွယ်ခွင့်ရရှိထားသောအပင်မျိုသစ်အားစဉ်ဆက်မပြတ် အသုံးပြု၍ ထုတ်လုပ်ရရှိလာသည့် မျိုးများ။ | | (ဂ) | ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်အားစဉ်ဆက်မပြတ် အသုံးပြု၍ ထုတ်လုပ် ရရှိလာသည့်မျိုးများ။ | မူလအတိုင်းဖြစ်ပါသည်။ |
| ၂၈။ | | အပင်မျိုးမွေးမြူသူသည် အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးသစ်ကာကွယ်နိုင်သည့် အခွင့်အရေးမှ မဖြစ်မနေ ကင်းလွတ်ခွင့်ပေးရမည် - | ၂၇။ | (က) | အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်မရရှိနိုင်မည့် အခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်သည်- | ရေးထုံးအနည်းငယ်ပြင်ဆင်ထားပါသည်။ |
| | (က) | စီးပွားဖြစ် မဟုတ်သော စိုက်ပျိုးထုတ်လုပ်ခြင်း၊ | | | (၁) စီးပွားဖြစ်ထုတ်လုပ်ရန် မဟုတ်ဘဲ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်ခြင်း၊ | |
| | (ခ) | သုတေသနစမ်းသပ်မှုအတွက် အသုံးပြုခြင်း၊ | | | (၂) သုတေသနလုပ်ငန်းအတွက်ဆောင်ရွက်ခြင်း၊ | ရေးထုံးအနည်းငယ်ပြင်ဆင်ထားပါသည်။ |
| | (ဂ) | နည်းဥပဒေတွင် ခွင့်ပြုထားသည့် ပမာဏအရ တောင်သူအချင်းချင်း မျိုးဖလှယ်ခြင်း၊ | | | (၃) ပုဒ်မ၂၆ပါပြဋ္ဌာန်းထားသည့် မျိုးများ ထုတ်လုပ်ခြင်းမှလွဲ၍ အခြားမျိုးများမွေးမြူ ထုတ်လုပ်ရန်အတွက် အသုံးပြုခြင်း။ | ပုဒ်မခွဲနေရာရွှေ့၍ ပြင်ဆင်ထားခြင်းဖြစ်ပါသည်။ |
| | (ဃ) | ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းထားသည့် မျိုးများထုတ်လုပ်ခြင်းမှလွဲ၍ အခြားမျိုးသစ်ရရှိရန်အတွက် မျိုး | | (ခ) | ကာကွယ်ခွင့်ရရှိသောအပင်မျိုးသစ် သို့မဟုတ် ပုဒ်မ ၂၆ (က)၊ (ခ) ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သော | ပုဒ်မခွဲနေရာပြင်ခြင်း၊ ယခင်ပြဋ္ဌာန်းပြီးဥပဒေ |

| | | | | | | |
|---|---|---|---|---|---|---|
| | | မွေးမြူခြင်း လုပ်ငန်းတွင် အသုံးချခြင်း။ | | | အပင်မျိုးများကို တောင်သူလယ်သမားများက ၎င်းတို့၏ ကိုယ်ပိုင်မြေတွင် မျိုးထိန်းစိုက်ပျိုးခြင်း၊ စိုက်ပျိုးခြင်းမှ ရရှိလာသည့် ထွက်ကုန်များကို မိမိစားသုံးရန်အတွက် အသုံးပြုခြင်းသည် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို ချိုးဖောက်သည်ဟု မမှတ်ယူရ။ | တွင်တိုက်ရိုက်ထပ်ဆင့်မွေးမြူရရှိသည့်မျိုးများနှင့်စပ်လျဉ်း၍နည်းဥပဒေတွင်အသေးစိတ်ဖော်ပြမည်ဖြစ်သောရည်ရွယ်ချက်ဖြင့် (Mother Law )တွင်ပြည့်စုံစွာဖော်ပြခဲ့ခြင်းမရှိသောကြောင့်ထပ်မံဖြည့် စွက်ပြင်ဆင်ထားခြင်းဖြစ်ပါသည်။ |
| | | | | (ဂ) | ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ ကင်းလွတ်ခွင့်ပေးရာတွင်သစ်သီးပင်များ၊ အလှစိုက်ပန်းပင်များ၊ ဟင်းသီးဟင်းရွက်များနှင့် သစ်တောသစ်ပင်များပါဝင်ခြင်းမရှိစေရ။ | ရေးထုံးအနည်းငယ်ပြင်ရုံသာမကအဓိပ္ပာယ်ပြည့်စုံပြီးဥပဒေ၏အနှစ်သာရပေါ်လွင်စေရန်ဖြည့်စွက်ထားပါသည်။ |
| ၂၉။ | | အပင်မျိုးမွေးမြူသူသည် အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးသစ်ကာကွယ်နိုင်သည့်အခွင့် အရေးမရှိစေရ - | ၂၈။ | (က) | ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများ သို့မဟုတ် ပုဒ်မ ၂၆ တွင်ပြဋ္ဌာန်းထားသောမျိုးများကို အပင်မျိုးမွေးမြူသူကိုယ်တိုင် သို့မဟုတ် ၎င်း၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းရောင်းချခြင်း၊ ဈေးကွက်သို့တင်ပို့ခြင်းတို့ကို အောက်ဖော်ပြပါအခြေအနေများတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးမရှိစေရ - | အဓိပ္ပာယ်ပိုမိုလေးနက်စေရန်ရေးထုံးပြင်ရုံသာမကစာသား အချို့ဖြည့်စွက်ပြင်ဆင်ရေးသားထားခြင်းဖြစ်ပါသည်။ |
| | (က) | အပင်မျိုးမွေးမြူသူကိုယ်တိုင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းနှင့်နိုင်ငံခြားတိုင်းပြည်များသို့ အပင်မျိုးသစ်ကို တင်ပို့ | | | (၁) ထပ်မံမျိုးပွားမှုမပြုခြင်း၊ | ။ |

| | | | | | | |
|---|---|---|---|---|---|---|
| | | ရောင်းချရာတွင် ကာကွယ်ခွင့်ရရှိထားသော ယင်းမျိုးသစ်ကို ထပ်မံမျိုးပွားမှု မရှိခြင်း၊ | | | | |
| | (ခ) | ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်ကို စားသုံးရန်အတွက်သာ တင်ပို့ခြင်း။ | | | (၂) ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အဆိုပါ အပင်မျိုး၏ မျိုးစုနှင့် မျိုးစိတ်များအား ကာကွယ်ခွင့် ဆောင်ရွက်ထားရှိမှု မရှိသော တိုင်းပြည်များသို့ စားသုံးရန်အတွက် တင်ပို့ခြင်း၊ | ။ |
| | | | | (ခ) | ပုဒ်မခွဲ (က) အရအပင်မျိုးနှင့် သက်ဆိုင်သည့် အစိတ်အပိုင်းများမှာ -<br>(၁) မျိုးပွားနိုင်သည့် အစိတ်အပိုင်းများ၊<br>(၂)အပင်၏အစိတ်အပိုင်းများနှင့်အပင်တစ်ပင်လုံး ပါဝင်သော ရိတ်သိမ်းထားသော အစိတ်အပိုင်းနှင့်<br>(၃) ရိတ်သိမ်းထားသည့် အစိတ်အပိုင်းမှ တိုက်ရိုက် ထုတ်လုပ်သည့် ထုတ်ကုန်တို့ ဖြစ်သည်။ | ။ |
| ၃၀။ | | ပုဒ်မ ၂၈ နှင့် ၂၉ တို့ပါကင်းလွတ်ခွင့်များ၊ ပြဋ္ဌာန်းချက်များနှင့် အများပြည်သူ၏အကျိုးမှလွဲ၍ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ကာကွယ်ခြင်းကို ကန့်သတ်ချက်မရှိစေရ။ | | | | ပုဒ်မ (၂၉)(ခ)သို့ ရွှေ့၍ ဖော်ပြထား ပါသည်။ |
| | | | ၂၉။ | (က) | မည်သူမျှ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်အား အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရရှိဘဲ ပုဒ်မ ၂၃၊၂၄၊၂၅၊ ၂၆ ပါ လုပ်ငန်းများလုပ်ကိုင်ခြင်းနှင့် ပုဒ်မ ၂၇ ပါမျိုးများ ထုတ်လုပ်၍ ကာကွယ်ခွင့်ရယူခြင်းများ ဆောင်ရွက်ခြင်းမပြုရ။ | အကြောင်းအရာအသစ် ထပ်မံဖြည့်စွက်ပြဋ္ဌာန်း ထားခြင်းဖြစ်ပါသည်။ |
| | | | | (ခ) | အရေးပေါ်အခြေအနေပေါ်ပေါက်လာခြင်းများနှင့် အများပြည်သူ့ အကျိုးမှတပါး ဤဥပဒေတွင် ဖော်ပြ | ထပ်မံဖြည့်စွက်ခြင်း ဖြစ်ပါသည်။ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | ထားသည့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးများကို ကန့်သတ်ခြင်း မရှိစေရ။ | |
| | | | ၃၀။ | (ဂ) | ဗဟိုကော်မတီမှခွင့်ပြုချက်ပေးသော အဖွဲ့အစည်း ၏ ဆောင်ရွက်ချက်အပေါ်အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကိုကင်းလွတ်ခွင့်ပြုရန် ပေါ်ပေါက်လာသည့်ကိစ္စရပ်များအတွက် အပင်မျိုးမွေးမြူသူမှ သင့်တင့်မျှတသောအခကြေးငွေများ ရရှိနိုင် သည်။ | ပုဒ်မ ၂၃နေရာရွှေ့ပြဋ္ဌာန်းရန်နှင့် အဓိပ္ပာယ်မပျက်စေရန် ဖြည့်စွက်ပြင်ဆင်ခြင်း ဖြစ် ပါသည်။ |
| ၃၁။ | | အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးသည် ဥပဒေနှင့်အညီ ကုန်ထုတ်လုပ်မှု စည်းမျဉ်းသတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက်တင်ပို့ခြင်းနှင့် ပြည်တွင်း၊ ပြည်ပသို့ ရောင်းချခြင်းစသည့် အကြောင်းအချင်းအရာများနှင့် စပ်လျဉ်းခြင်း မရှိစေရ။ | ၃၁။ | | အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးသည် မည်သည့်အခြေအနေတွင်မဆို ကုန်ထုတ်လုပ်မှု စည်းမျဉ်းသတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက်တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းများနှင့် သက်ဆိုင်ခြင်းမရှိစေရန်နှင့် ဖော်ပြပါအကြောင်းအရာများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက် များကို အကျိုးသက်ရောက်မှု မရှိစေရ။ | အဓိပ္ပာယ်ပိုမိုလေးနက်စေရန်နှင့်အရေး အသားကျစ်လစ်စေရန်မူလဥပဒေပုဒ်မ (၃၁)နှင့်(၃၂)တို့ကိုတစ်ပေါင်းတည်းဖော်ပြ၍ပြင်ဆင်ထားခြင်းဖြစ်ပါသည်။ |
| ၃၂။ | | ကုန်ထုတ်လုပ်မှု စည်းမျဉ်းသတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက် တင်ပို့ခြင်းနှင့် ပြည်တွင်း၊ ပြည်ပသို့ ရောင်းချခြင်းစသည့် အကြောင်းအချင်းအရာများသည် မည်သည့် အခြေအနေတွင်မျှ ဤဥပဒေ၏ အကျိုးသက်ရောက်မှုကို ထိခိုက်ခြင်း မရှိစေရ။ | | | | ။ |
| ၃၃။ | | အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကာကွယ်ခွင့်ကာလကို ကာကွယ်ခွင့်ရရှိသည့်နေ့မှစတင်၍ နှစ်ရှည်ပင်နှင့် နွယ်ပင် မျိုးသစ်များအတွက်၂၅နှစ်နှင့် အခြား အပင်မျိုးသစ်များအတွက် အနှစ် ၂၀ | ၃၂။ | | အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ကာကွယ်ခွင့်ကာလကို ကာကွယ်ခွင့်ရရှိသည့်နေ့မှစတင်၍ နှစ်ရှည်ပင်နှင့် နွယ်ပင်မျိုးသစ်များအတွက် ၂၅ နှစ်၊ အခြား အပင်မျိုးသစ်များအတွက် ၂၀ နှစ် ဖြစ် သည်။ | မူလအတိုင်းဖြစ်ပါသည်။ |

| | | | | | | |
|---|---|---|---|---|---|---|
| | | သတ်မှတ်သည်။ | | | | |
| | | **အခန်း(၈)** **အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ပျက်ပြယ်ခြင်းနှင့် ရုပ်သိမ်းခြင်း** | | | **အခန်း(၈)** **အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပျက်ပြယ်ခြင်းနှင့် ရုပ်သိမ်းခြင်း** | |
| ၃၄။ | | အောက်ဖော်ပြပါအခြေအနေများတွင်အပင်မျိုးမွေး မြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပျက်ပြယ်စေရမည်- | ၃၃။ | | အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးမွေး မြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ပျက်ပြယ်စေရမည်- | မူလအတိုင်းဖြစ်ပါသည်။ |
| | (က) | အပင်မျိုးသစ် ကာကွယ်သည့် အခွင့်အရေး ပေးအပ်ပြီး နောက်ပိုင်း ပုဒ်မ ၁၀ နှင့် ၁၁ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊ | | (က) | အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးပေးအပ်သည့်အချိန်တွင် ပုဒ်မ ၈ နှင့် ၉ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်းစစ်ဆေးတွေ့ရှိခြင်း၊ | ပုဒ်မနံပါတ်ပြောင်းသည်မှလွဲ၍မူလ အတိုင်းဖြစ်ပါသည်။ |
| | (ခ) | အပင်မျိုးသစ် ကာကွယ်သည့် အခွင့်အရေး ပေးအပ်ပြီးနောက်ပိုင်း အပင်မျိုးမွေးမြူသူ တင်ပြရမည့် မျိုးသစ်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ မှတ်တမ်းမှတ်ရာများသည် ပုဒ်မ ၁၂ နှင့် ၁၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊ | | (ခ) | အပင်မျိုးမွေးမြူသူက တင်ပြခဲ့သည့် စာရွက်စာတမ်းများနှင့်အချက်အလက်များကိုအခြေခံ၍ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးများကို ရရှိခဲ့ပြီးနောက် ယင်းအချိန်က ပုဒ်မ ၁၀ နှင့် ၁၁ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီမှုမရှိကြောင်းစစ်ဆေးတွေ့ရှိခြင်း၊ | ပုဒ်မနံပါတ်ပြောင်းသည်မှလွဲ၍ မူလအတိုင်းဖြစ်ပါသည်။ |
| | (ဂ) | ကနဦးစိစစ်မှုများအရ အပင်မျိုးမွေးမြူသူ၏ ကာကွယ်ပိုင်ခွင့် အခွင့်အရေးကို အမှန်ရရှိသင့်သူအား ပေးအပ်ရမည့်အစားမရရှိသင့်သူအားပေးအပ်ခဲ့ခြင်း။ | | (ဂ) | အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့် အခွင့်အရေးကို မရရှိသင့်သူအား ပေးအပ်ခဲ့ခြင်း။ | အရေးအသားအနည်းငယ်မှလွဲ၍မူလအတိုင်းဖြစ်ပါသည်။ |
| ၃၅။ | | ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်များမှအပ အခြား မည်သည့်အကြောင်းများကြောင့်အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပျက်ပြယ်ခြင်းမရှိစေရ။ | ၃၄။ | | ပုဒ်မ၃၃ပါ အခြေအနေများမှအပ အခြားအကြောင်းခြင်းရာများကြောင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးပျက်ပြယ်ခြင်း မရှိစေရ။ | ပုဒ်မနံပါတ်ပြောင်းသည်မှလွဲ၍မူလအတိုင်းဖြစ်ပါသည်။ |
| ၃၆။ | | အောက်ဖော်ပြပါအခြေအနေများတွင်ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့် အရေး ကာကွယ်နိုင်သည့် အခွင့်အရေးကို ရုပ်သိမ်းရမည်- | ၃၅။ | | ဗဟိုကော်မတီသည် အောက်ဖော်ပြပါအခြေအနေများတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ကို ရုပ်သိမ်းနိုင်သည်- | မူလအတိုင်းဖြစ်ပါသည်။ |

| | | | | | | |
|---|---|---|---|---|---|---|
| | (က) | ပုဒ်မ ၁၂ နှင့် ၁၃ တို့ပါ ပြဋ္ဌာန်းချက်များကို ရှေးရှုသည် ထိန်းသိမ်းထားနိုင်မှု မရှိခြင်း၊ | | (က) | ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်သည် ပုဒ်မ ၁၀ နှင့် ၁၁ တို့ပါ ပြဋ္ဌာန်းချက်များကို ရှေးရှုသည် ထိန်းသိမ်းထားနိုင်မှု မရှိခြင်း၊ | ပုဒ်မနံပါတ်ပြောင်းသည် မှလွဲ၍မူလအတိုင်း ဖြစ်ပါသည်။ |
| | (ခ) | အပင်မျိုးမွေးမြူသူက ဗဟိုကော်မတီသို့ မျိုးသစ်နှင့် စပ်လျဉ်း၍ မျိုးသစ်အဖြစ် ဆက်လက်တည်ရှိရန် လိုအပ်သည့် သတင်းအချက်အလက်များ၊ မှတ်တမ်းများကို နည်းဥပဒေပြဋ္ဌာန်းချက်များတွင် သတ်မှတ်ထားသည့်ကာလအတွင်းတင်ပြနိုင်မှုမရှိခြင်း၊ | | (ခ) | အပင်မျိုးမွေးမြူသူက ဗဟိုကော်မတီသို့ မျိုးသစ်နှင့် စပ်လျဉ်း၍ မျိုးသစ်အဖြစ်ဆက်လက်တည်ရှိရန် လိုအပ်သည့် သတင်းအချက်အလက်များ၊ မှတ်တမ်းများကို သတ်မှတ်ကာလအတွင်း တင်ပြနိုင်မှုမရှိခြင်း၊ | မူလအတိုင်းဖြစ်ပါသည်။ |
| | (ဂ) | အပင်မျိုးမွေးမြူသူက ၎င်း၏ ရပိုင်ခွင့်အခွင့်အရေးကို ဆက်လက် ထိန်းသိမ်းရန်အတွက် ပေးရန်ရှိသည့် အခွန်အခပေးအပ်ရန် ပျက်ကွက်ခြင်း။ | | (ဂ) | အပင်မျိုးမွေးမြူသူက၎င်း၏ ရပိုင်ခွင့်အခွင့်အရေးကို ဆက်လက်ထိန်းသိမ်းရန်အတွက် ပေးရန်ရှိသည့် အဖိုးအခများကို သတ်မှတ်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်း၊ | မူလအတိုင်းဖြစ်ပါသည်။ |
| | | | | (ဃ) | အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးရရှိပြီး ကာကွယ်ခွင့် ရရှိထားသည့် အပင်မျိုးသစ်၏ အမည်အား ဖျက်သိမ်းခံရပြီးနောက် အပင်မျိုးသစ်မွေးမြူသူမှ ထပ်မံ၍ အခြားသင့်လျော်သည့် မျိုးအမည် အသစ်အား သတ်မှတ်ကာလအတွင်း အဆိုပြုနိုင်မှု မရှိခြင်း။ | ထပ်မံဖြည့်စွက်ခြင်းဖြစ်ပါသည်။ |
| ၃၇။ | | ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်များမှအပ အခြား မည်သည့် အခြေအနေများတွင်မျှ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကို ရုပ်သိမ်းခြင်း မရှိစေရ။ | ၃၆။ | | ပုဒ်မ၃၅ပါ ပြဋ္ဌာန်းချက်များမှအပ မည်သည့် အကြောင်းအရာကမျှ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို ရုပ်သိမ်းခြင်း မရှိစေရ။ | ပုဒ်မနံပါတ်ပြောင်းသည် မှလွဲ၍မူလအတိုင်း ဖြစ်ပါသည်။ |
| | | | | | **အခန်း(၉)**<br>**အယူခံဝင်ခြင်း** | အခန်းနှင့်ပုဒ်မများကိုအသစ်ထပ်မံဖြည့်စွက်ထားပါသည်။ |
| | | | ၃၇။ | (က) | အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော် | ။ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | မတီ၏ သုံးသပ်ချက်အစီရင်ခံစာကို မကျေနပ်သူသည် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီသို့ အယူခံနိုင်သည်။ | |
| | | | | (ခ) | ဗဟိုကော်မတီသည် ပုဒ်မခွဲ(က)အရ အယူခံခြင်းနှင့် စပ်လျဉ်း၍ အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ သုံးသပ်ချက် အစီရင်ခံစာကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။ | ။ |
| | | | | (ဂ) | ဗဟိုကော်မတီကချမှတ်သော ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း၉၀အတွင်း ဤကိစ္စအလို့ငှာ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ စီရင်ပိုင်ခွင့် အာဏာအပ်နှင်းထားသည့် တရားရုံးသို့ တည်ဆဲဥပဒေများနှင့်အညီ လျှောက်ထားနိုင်သည်။ | ။ |
| | | **အခန်း(၉)**<br>**ပြစ်မှုနှင့် ပြစ်ဒဏ်များ** | | | **အခန်း(၁၀)**<br>**ပြစ်မှုနှင့် ပြစ်ဒဏ်များ** | |
| ၃၈။ | | မည်သူမဆိုကာကွယ်ခွင့်ရရှိထားသောအပင်မျိုးသစ်ကို ယင်းအပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက် မရှိဘဲ ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံးထောင်ဒဏ်ခြောက်လမှအများဆုံးထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ်ကျပ်၁၀သိန်းမှ အများဆုံးငွေဒဏ်ကျပ်သိန်း၅၀အထိဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်နိုင်သည်။ | ၃၈။ | | မည်သူမဆို ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်ကို ယင်းအပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရှိဘဲ ပုဒ်မ ၂၃၊၂၄၊၂၅၊၂၆ နှင့် ၂၇ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ခြောက်လမှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေဒဏ်ကျပ် တစ်ဆယ် သိန်းမှ အများဆုံး ငွေဒဏ်ကျပ် သိန်းငါးဆယ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။ | ပုဒ်မနံပါတ်ပြောင်းသည်မှလွဲ၍ မူလအတိုင်းဖြစ်ပါသည်။ |

| | | | | | | |
|---|---|---|---|---|---|---|
| | | **အခန်း(၁၀)**<br>**အထွေထွေ** | | | **အခန်း(၁၁)**<br>**အထွေထွေ** | |
| ၃၉။ | | ဤဥပဒေအရ တရားစွဲဆိုရာတွင် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ကို ကြိုတင် ရယူရမည်။ | ၃၉။ | | အပင်မျိုးသစ်ကာကွယ်ခွင့် လျှောက်ထားသူသည် ဤ ဥပဒေပါ ပြဋ္ဌာန်းချက်များအား လိုက်နာခြင်း၊ သတ်မှတ် သည့် အခကြေးငွေများ ပေးဆောင်ခြင်းများဆောင်ရွက်ခဲ့ပါက အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကို အခြားမည့်သည့် အကြောင်းအရာများကမျှ ဟန့်တား ခြင်း မရှိစေရ။ | အသစ်ထပ်မံဖြည့် စွက်ခြင်းဖြစ်ပါသည်။ |
| | | | ၄၀။ | | ဗဟိုကော်မတီသည်အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အ ခွင့်အရေးရရှိရန်လျှောက်ထားခြင်း၊အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း၊အပင်မျိုးမွေးမြူသူမှအပင်မျို း သစ်အမည်တင်ပြခြင်း၊အတည်ပြုခြင်းတို့နှင့် စပ်လျဉ်း သည့်သတင်းအချက်အလက်များကို အများပြည်သူသိရှိစေရန်ထုတ်ပြန်ကြေညာ အသိပေးရမည်။ | အသစ်ထပ်မံဖြည့် စွက်ခြင်းဖြစ်ပါသည်။ |
| ၄၀။ | | ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုနှင့် သက်ဆိုင် သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင် ပို့ရန်လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံ ပစ္စည်း ကို တရားရုံးရှေ့သို့ တင်ပို့ခြင်း မပြုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက် အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြ ခြင်းကို တရားရုံးရှေ့သို့ သက်သေခံ ပစ္စည်း တင်ပြ | ၄၁။ | | ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နည်းပညာ ကော်မတီ၏ တွေ့ရှိချက်ကိုအခြေခံ၍ ဗဟိုကော်မတီ သည် ကြီးကြပ်စီမံ ဆောင်ရွက်ရမည်။ | ပုဒ်မ(၉)မှရွှေ့ထား၍ အရေးအသားအနည်း ငယ်ပြောင်းကာဖော်ပြ ထားခြင်းဖြစ်ပါသည်။ |

| | | | | | | |
|---|---|---|---|---|---|---|
| | | သကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံး၏ ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။ | | | | |
| ၄၁။ | | အစိုးရဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီ အဖွဲ့ဝင်များနှင့် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်ထားသော စရိတ်ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။ | ၄၂။ | (က) | အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေးရရှိထားသော အပင်မျိုးမွေးမြူသူသည် ၎င်း၏ ရပိုင်ခွင့် အခွင့်အရေးများကို ချိုးဖေါက်သူအားတွေ့ရပါက အောက်ဖေါ်ပြပါ အရေးယူဆောင်ရွက်ပေးရန် ဗဟိုကော်မတီသို့ တောင်းဆိုနိုင်သည်-<br>(၁) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို ချိုးဖေါက်သည် သက်သေအထောက်အထားရှိပါက ဆက်လက်လုပ်ဆောင်ခြင်း မပြုရန်တားမြစ်ခြင်း၊<br>(၂) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ချိုးဖောက်သူ၏ လက်ဝယ်တွင်တွေ့ရှိသော ကာကွယ်ခွင့်ရရှိ ထားသည့် အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ် အပိုင်းများ၊ ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများ သို့မဟုတ်၎င်းတို့မှရရှိလာသောဆက်စပ်ထွက်ကုန်များ အား ဖျက်စီးခြင်း။ | အသစ်ထပ်မံဖြည့်စွက်ထားခြင်းဖြစ်ပါသည်။ |
| ၄၂။ | | အပင်မျိုးသစ် ကာကွယ်ခွင့် အခွင့်အရေးရရှိရန် လျှောက်ထားရာတွင် လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်ခြင်းအတွက် ကုန်ကျမည့် အခကြေးငွေများကို လျှောက်ထားသူက ပေးဆောင်စေရမည်။ | | (ခ) | အခြားသောအသိဉာဏ်ပစ္စည်းမူပိုင်ခွင်အတွက် ပြဋ္ဌာန်းထားသည့်ဥပဒေများပါပြဋ္ဌာန်းချက်များကို အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးဆိုင်ရာ ဥပဒေအား လိုက်နာဆောင်ရွက်ရေးအတွက် အသုံးပြု နိုင်သည်။ | ။ |
| ၄၃။ | | ဗဟိုကော်မတီသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေး ရရှိရန် လျှောက်ထားသူက ပေးဆောင်ရမည့် အခွန်အခများကို သတ်မှတ်ပေးရမည်။ | ၄၃။ | | နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်များ နှင့် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာ ကော်မတီဝင်များသည် ဝန်ကြီးဌာနက သတ်မှတ် ထားသော ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။ | ပုဒ်မ(၄၁)မှနေရာရွှေ့ထားခြင်းဖြစ် ပါသည်။ |

| | | | | | | |
|---|---|---|---|---|---|---|
| ၄၄။ | | ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်- | ၄၄။ | | ဗဟိုကော်မတီသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အပင်မျိုးသစ်ကာကွယ်ခွင့်အခွင့်အရေး ရရှိရန်လျှောက်ထားသူက ပေးဆောင်ရမည့် အခကြေးငွေများကို သတ်မှတ်ပေးရမည်။ | အသစ်ထပ်မံဖြည့်စွက်ထားခြင်းဖြစ်ပါသည်။ |
| | (က) | ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ | ၄၅။ | | အပင်မျိုးသစ်ကာကွယ်ခွင့်အခွင့်အရေး လျှောက်ထားသူသည် လျှောက်ထားခြင်း၊ စစ်ဆေးခြင်းများအတွက် သတ်မှတ်ထားသည့် အခကြေးငွေများကို ဗဟိုကော်မတီသို့ ပေးဆောင်ရမည်။ | အသစ်ထပ်မံဖြည့်စွက်ထားခြင်းဖြစ်ပါသည်။ |
| | (ခ) | ဝန်ကြီးဌာန၊ ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ | ၄၆။ | | ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်- | ပုဒ်မ(၄၄)ပါအချက်များ ရွှေ့ထားခြင်းဖြစ်ပါသည်။ |
| | | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။<br><br>(ပုံ) သိန်းစိန်<br>နိုင်ငံတော်သမ္မတ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် | | (က) | ဝန်ကြီးဌာနသည်နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကိုပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ | ။ |
| | | | | (ခ) | ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ | ။ |
| | | | ၄၇။ | | အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်-၁၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ | အသစ်ထပ်မံဖြည့်စွက်ထားခြင်းဖြစ်ပါသည်။ |
| | | | | | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။<br><br>(ပုံ) ဝင်းမြင့်<br>နိုင်ငံတော်သမ္မတ | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် | |